ဗိုလ်ချုပ်-အောင်ဆန်း

# ကဗျာများ

# ဗိုလ်ချုပ်အောင်ဆန်း

# ကဗျာများ

၁၉၆၄ ခု၊ အာဇာနည်နေ့

မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ယဉ်ကျေးမှုဌာန၊
ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ထိန်းသိမ်းရေးကော်မီတီက ထုတ်ဝေသည်။

# မာတိကာ


၁။ အာဇာနည်ဗိမာန် .... .... သခင်ကိုယ်တော်မှိုင်း .... ၁

၂။ အာဇာနည် (သံချို) .... .... ဟံသာဝတီ ဦးဘရင် .... ၇

၃။ ချစ်တဲ့သူငယ်လေ .... .... ဇေယျ .... .... ၁၁

၄။ ကျေးဇူးဆပ်လော့ .... .... ရန်အောင် .... .... ၁၅

၅။ ပြောလိုက်ပါဘိ ဟောပါဘိ .... .... ဇော်ဂျီ .... .... ၁၈

၆။ ဗိုလ်ချုပ်အောင်ဆန်း (အတိတ်နှင့်ပစ္စုပ္ပန်) .... မင်းသုဝဏ် .... .... ၂၁

၇။ ဇာနည်ဖွါး .... .... .... နုယဉ် .... .... ၂၂

၈။ ၁၉ ဇူလိုင် .... .... .... ထွဏ်းနေနွယ် .... ၂၄

၉။ ဥယျာဉ်မှူးငဲ့ .... .... .... မင်းယုဝေ .... .... ၂၇

၁၀။ ကျေးဇူးဆပ်ချိန် .... .... ဘုတလင်ချစ်လေး .... ၂၈



အာဇာနည်ဗိမာန်

ဩော်........အဆောင်ဆောင် နန်းတွေ ကြငှန်း
တွေနှင့် နှော
အခေါင်မမြန်းခင်က အောင်စာတမ်း ချူစေဘို့
အောင်ပန်း ညှို့ရရှာတဲ့
တောင်တမန်း တို့ဗမာမှာ အဟောင်း သံသရာ
အငုတ်တွေနှင့်
အောင်ဆန်းတို့ မသာမယာဟာ ဋင်းကံကြမ္မာ အလုပ်ပေထင့်
သောင်းမြန် မရဏာစမုတ်မှာတော့ ချုပ်သနဲ့ ယင်းအလိုတ္တင်
ဒေါင်းလံပုဝါအုပ်ပါလို့ ကျုပ်ဖြင့် သင်္ဂြိုဟ်ချင်။ ။

သြော်........တပည့်အရင်းတွေမို့ ကဝိမတင်းနိုင်ဘုကွဲ့၊
   သတိကင်းကာ မျက်ရည်ကျကျပြီး၊
ခက်ကပြီ လက်ဆည်မရနိုင်ဘု၊
   သောက ဘလောင်ဆူတော့ တောင်ဇမ္ဗူပုဂံခေတ်ဆီက၊
ယခေါင်မူ ယမန်သနစ်တွေပေါ့၊
   ရန်အဖြစ်မကွဲ့ မနွေးသနော် တသောင်း ဒီဇမ္ဗူရမ်းနေကြ၊
ကျန်ရစ်တဲ့ မြေးတော် အလောင်းစည်သူ့ရဲ့နန်းကိုဖြင့်၊
   လူကြမ်း ပြေတွေ ကြမ်းလာရမ်းလာတဲ့ အရေးတွင်မှ၊
ဘေးအပေါင်းကြီးစွာ ဝေဒနာ အစုံနဲ့၊
   သွေးချောင်းစီးကာ သေရှာပုံရဲ့ပြင်၊
ရွှေမြန်မာဘုံမှာ အမင်းမင်း သမတတွေနဲ့၊
   သတင်းလှတဲ့ အင်းဝရာဇာအမွန် သာလွန်မင်းကိုမှ၊
သားရင်း ရှင်တရုပ်ကယ်က၊
   ရှင်ဘုရင်လုပ်မယ် အကျယ်ဇယားတွင်ဖြင့်၊
ဒဝယ်သားတွေ ဗိုလ်ဝင်ခံလို့မို၊
   ဟိုအရင်ယမန် နန်းတော်စီးစဉ်က၊
အပျက်ကြီးပျက်ကာ အသက်ခန္ဓာတွေဆုံးပုံနဲ့၊
   တထုံး နောက်တနဲမှာတော့၊
မင်းရဲရန္တမိတ်ခမြာမှာ ညီသနင်းပေပေါ့၊
   ပြည်မင်းဂုဏ်ခံလို့၊
မှန်မှန်ဆန်ဆန် ပုန်ကန်တဲ့ အတိုင်းရဲ့ပြင်၊
   တလိုင်းနယ် ရွှေပြည်တခွင်မတော့၊

ဓမ္မစေတီဘုရင် လက်ထက်တုန်းဆီက၊
　　လက်ရုံးရည် တသိန်လျှမ်းပေတဲ့၊
သမိန်ဘရမ်းဆိုသူ စစ်ဗိုလ်ချုပ်ကိုဖြင့်၊
　　မဟုတ်တရုတ် အကောင် တေလေတစ္ဆေကိုက်တာနဲ့၊
ဩြော်........ဖွေဖွေရှာရှာ မကျေစရာပေပေါ့နော့၊
　　မရေမရာ သေရွာဆိုက်သလိုပါ့၊
အခိုက် အခါတူလို့မို့၊
　　ဆရာတမူ မကြာမကြာ လွမ်းရပါတဲ့၊
ဘမရာအဆူဆူ ကြာကြင့်နန်းတွေနှင့်၊
　　မြန်မာဇမ္ဗူ အညာမန်းတွင်ဖြင့်၊
ငါတလူ ငါသရမ်းရော့မဟဲ့လို့၊
　　သာခန်း ပလ္လင်ညွန်းပြီး၊
မြင်ကွန်းပိုင် သူပုန်ထစဉ်က၊
　　ကြုံရသူ မသာတော်နှင့်၊
ပမာသော် တူတယ်လို့ နိုင်းမိတယ်၊
　　ရိုင်းသနဲ့ အတိတ်ယခင်လိုနော်ကွယ်၊
စကိုင်းတပဲ့ ဂိုဏ်းအဖွဲ့တွေနဲ့၊
　　မှိုင်းရှဲ့စိတ်ထင်။

မင်းစိတ် မင်းမာန် အကြံအဖန်တင်းလိုက်ပုံက၊
　　အင်္ဂလိပ် ယင်းဂျပန် နှစ်တန်ရှင်းပါလို့၊

ရန်ခပင်းကိုတဲ့ မောင်းကာနှင်၊
  ဒေါင်းမြန်မာတခွင်မှာဖြင့် ယခင်သဘော၊
တကောင်း ရာဇဝင်ကိုတဲ့ ဆက်ချင်သကော။

နန်းမြို့တည်ရန်၊
  မှန်းလို့ရည်ကာသန်တဲ့ ညီလာခံ ဗိုလ်ရှုပွဲတွင်မှ၊
ထိုထိုလူခပဲကို မကြည်ညိုတဲ့၊
  ဝသီအလို တဖြေးဖြေးရှူးမဟဲ့လို့၊
တနွေးနွေး မူးမူးပြီး ခွေးဘီလူးလို အကောင်မိုက်တွေက၊
  သြော်........အမှောင်စရိုက်ကယ်နှင့်၊
ပြောင်ပြောင်ဘဲ မိုက်မပေါ့လို့၊
  ပြောင်ကိုက်သဟာမှာ ယာယီယတြာအချိန်နဲ့ ဇာတာမှိန်လို့မို့၊
ဂဏာမငြိမ် တာဝတိန်ယွန်းကြပေါ့၊
  ဖြေမကြည် နေရီတော့လွမ်းစေဘို့၊
မြန်မာ့ပြည်ပေါ်ကို မမွစည်တော်ရွှမ်းချိန်မို့၊
  အစွမ်းကုန် သည်တခါဖြင့်၊
ပြည်ရွာ ညီညာဘို့ အလုပ်ပေပါ့၊
  သုဿန် တံခွန်စောင်းရရှာတဲ့၊
ရုပ်အကျန် ခုနစ်လောင်းရယ်နှင့်၊
  အလွန်ကောင်းစွာ ကမ္ဘာတည်မည့်၊
အာဇာနည် ဗိမာန် ပုထိုးကိုဖြင့်၊
  ပါရမီ အဓိဋ္ဌာန်တမျိုးရယ်နှင့်၊
ရှိခိုးကာ ဆရာကန်တော့ချင်ရဲ့၊

၅

မြန်မာမတော့ ပူစရာဘို့၊
တဗျူဟာ အောင်ခမန်းတွင်မှ၊
လူမသမာ အမှောင်သန်းချိန်မို့၊
သောင်ကမ်းမို့မို့ဆီက၊
ဖေါင်နန်းကူးဘို့နှင့် အကြေဒဂုန်တည်းဟူသော ရေစုန်မျောလေရှဲ့၊
ကြော်........တောင်နန်း မြောက်နန်း အဆောင်ဆောင်ကြွင့်နန်းနဲ့၊
အခေါင်မမြန်းရင်က အောင်ပန်းညို့ရှာတဲ့၊
အောင်ဆန်းတို့ သေပုံနှမြော။

သခင် ကိုယတော်မှိုင်း။



## အာဇာနည် (သံချို)

(၁) သောင်းဇမ္ဗူလကျာခါ၊
ဌာနတမ္ဗဒီဟု၊
မြန်ပြည်တွင်တဂုဏ်မျို့တွေကြောင့်၊
ဂရို့ သင်္ချာဝင်တဲ့၊
မင်္ဂလာ ယင်းရွှေချောင်းငယ်က၊
မြောက်စောင်းနှင့်ရွှေပုပ္ပါ၊
ဝန်းမြှောင်ကာ တဖုံထူးတာက၊
ပဲခူးခေါ် ရိုးမကြီးမှာတော့၊
ကာဆီးကာ ပြိုင်တုကျွန်းတာကြောင့်၊
လူစွမ်းဂုဏ်ရည်ချွန်တို့၊
ဇာနည်မွန်ဖွါးရာမြောက်ပါတဲ့၊
မြို့နတ်မောက်မည်နှာမှာ၊
ရှည်ကမ္ဘာတွင်သမိုင်းမှာ၊ နှိုင်းတုမရော။

(၂) နာယက ဆ္ဃဂုဏ်အင်နှင့်၊
သူတော်စင်ခုနစ်ပါး တရားဆင်ခြင်တဲ့၊
မျိုးနွယ်ဝင် ထိုကဖွါးလာရ၊
ယောကျ်ား အာဇာနည်ဟု၊
ဘာမထေရ် ရန်ခလုတ်ကိုတော့၊
ကျူငုတ်ပါ မကျန်ရှင်းနိုင်တဲ့၊
ခပင်းမောင်ရွှေကန်နှင့်၊
ဂလိပ်မှန် ကိုရွှေအင်းငယ့်ပြင်၊

မြင်ပြင်းဘွယ် တကယ်ညစ်ပါတဲ့၊
　　ဖက်ဆစ် ရွှေဂျပန်တို့၊
မကျန်ရှိ ရန်စည်ပြုန်းရန်ဘို့၊
　　စံမမှီ နန္ဒီထုံးငယ်ပြင်၊
နှလုံးရည် မဟောသ်ွင်သို့၊
　　မြော်အမြင် ကွက်ကျော်ရှုနိုင်တဲ့၊
မမူရန်ဟူက၊
　　နလံထူ ပြန်မူ၍ မကျူးရအောင်၊
မီးရှူးမာတာမြင်လို့၊
　　ငယ်မည်တွင် မောင်ထိန်လင်းငယ်က၊
မယွင်းတန်ဆောင်လျှမ်းစေဘို့၊
　　အောင်ဆန်း အမည်ပြောင်ခဲ့၊
ဗိုလ်မင်းရောင် သူ့အဖိုးလိုပ၊
　　အမျိုးဂုဏ် ကမ္ဘာထွန်းစေမည့် မော်ကွန်းစာ။


(၃) တစ်သုံးသုဥ်ခုနှစ် (၁၃၀၇) စွန်း၊
　　ပေါ်ထွန်းကောဇာ၌၊
ပြောစရာ မောင်ငပုငယ်တို့၊
　　လူမှုဆန့်ကျင်လို့၊
မျိုးပုံယင်မြန်မာနှင့်၊
　　ဘာသာ သာသနာက၊
အဖြာဖြာ နိုင်ထက်စီးပါလို့၊
　　အပြီးတိုင်လုယက်ကျန်း၊
ညှဉ်းပန်းကလူပြုတာကြောင့်၊

မရှုရက်နိုင် သည်အရေးငယ်နှင့်၊
ဝန်လေး လွန်အခါက၊
နှစ်တရာ ကျွန်ဘဝကိုဖြင့်၊
သည်တခါ ရည်တာရစေဟု၊
အဓိဋ္ဌာန် စိတ်ကြံဆသည့်ပြင်၊
ကာယကိုယ်တိုင်ပ၊
လက်နက်ကိုင် ရဲဘော်များငယ်နှင့်၊
ဝင့်ကြွားဗလောင်ဆန်တဲ့၊
မောင်ဂျပန် ဖက်ဆစ်ပေါင်းကိုလှ၊
ထောင်းထောင်းဆော်နိုံတဲ့၊
မဟော်ဥာဏ် ဗိုလ်အောင်ဆန်းကိုဖြင့်၊
တခန်းကြည်ညိုလို့၊
သူ့နည်းကို တကယ်လိုက်ပါမှ၊
သိုက်မြိုက်မည့် တို့ဗမာ၊
ရှည်ကြာလို့ဂုဏ်မွေး။

(၄) တကယ်ပင်၊
မျိုးဂုဏ်ကိုဆယ်တင်လို့၊
တို့ပြည်ခွင် လွတ်လပ်ရေးကိုလှ၊
မနွေးရည်ရာသို့၊
ကြည်သာစွာ အမြန်ရစေဘို့၊
ပြည်မ ပြည်နယ်နှင့်၊
ပင်လုံဝယ် လက်ကိုလှမ်းသည့်ပြင်၊
တခန်းသခင် ဖြစ်စေဟု၊

ရည်လစ်ခါ ကိုယ်တိုင်ကြိုးတာကြောင့်၊
　　အမျိုး ဂုဏ်ရောင်လျှပ်ပါလို့၊
လွတ်လပ်မြန်ပြည်ဟု၊
　　အရှည်ပင် ကမ္ဘာပေါ်၌၊
နှံ့ကျော်အောင် တလှိုင်လှိုင်ပ၊
　　တကြိုင်ကြိုင် ရနံ့မွှေးခဲ့ရ၊
အရေးရှင် ဗိုလ်အောင်ဆန်းမှာဖြင့်၊
　　လူသွမ်းမသမာကောင်တို့၊
တဏှာမှောင် မိုက်မလင်းတာကြောင့်၊
　　မြင်ပြင်းဣဿာဖြင့်၊
အဘိဇ္ဈာ စိတ်မှာစောကာပ၊
　　မနိုပ်စွာ မိစ္ဆာသဘောငယ်ကြောင့်၊
အတောဘယ်မသတ်နိုင်လို့၊
　　ဇီဝိန်ကို ရည်ချိန်လို့ဖြတ်လေပေါ့၊
လူ့ရပ်တွင် ဘယ်မပြုနိုင်တဲ့၊
　　ဂရုဏ် ဇရောမ ဟာမို့၊
ရှုကာကြုံ အခြေမသမာလှတာမို့၊
　　အရိုင်းကောင်တွေကို နှိုင်းဆောင်လို့ မပြနိုင်ဘူး၊
（သခင်မှိုင်းရေ） တွေးဆလို့ဆွေး။

ဟံသာဝတီ ဦးဘရင်။



## ချစ်တဲ့သူငယ်လေ

ချစ်တဲ့သူငယ်လေ၊ လုပ်သားလူကောင်း၊ ပေါင်းသဟာတို့လေ။ ။တထောင်ငယ်မှ ကိုးရာ၊ လေးဆယ်ငယ်သာသည်၊ စွန်းပါ ခုနစ်၊ သက္ကရာဇ်တွင်၊ ပြည်ချစ်ဇာနည်၊ မိတ္ထီလူပျက်၊ သူ့လက်ချက်ကြောင့်၊ အသက်စွန့်ခဲ့၊ မြန်းကြရှာသည်၊ ပြည်သူလုပ်သား၊ သံဝေပွါး၍၊ မှတ်သားကြလေ၊ တို့တတွေ။

အောင်ကြောင်းတဲ့ အောင်စေ။ ။သူတို့ကျေးဇူး၊ မထိမ်မြူးဘဲ၊ အထူးဆပ်ရန်၊ တာဝန်တို့မှာ၊ ကြီးလှစွာလေ၊ တင်ခဲ့ပေသည်၊ တွေဝေမဲ့ကင်း၊ တို့ခပင်းမူ၊ အယူပြောက်ကျား၊ မလွဲမှားဘဲ၊ တသားတည်းပြု၊ ပြည်ထောင်စုကို၊ ယုယစိတ်သန်၊ တို့အားအန်ဖြင့်၊ လမ်းမှန်ရောက်စေ၊ မသွေ ရှေ့သို့၊ ညီတူလက်တွဲ၊ ဇာနည်ဇွဲဖြင့်၊ နွဲကြစို့လေ၊ ပြည်သူအပေါင်း လုပ်သားကောင်းတို့လေ။

ချစ်တဲ့သူငယ်လေ၊ လုပ်သားလူကောင်း၊ ပေါင်းသဟာတို့လေ။ ။တို့လွတ်လပ်ရေး၊ အသက်သွေးကို၊ ပိုက်ထွေးရင်ခွင်၊ မှူမတင်ကြောင်း၊ ဖြူစင်ပြန့်ပြူး၊ ရှေ့နှယ်ဦးလို့၊ မြူးကြရမယ်။

မိန္တာဥာဏ်သွား၊ စိတ်ပြောက်ကျား၊ တို့ကား ပစ်ပယ်ဖျောက်ရမယ်။
ရှေ့သို့လှမ်းချီ၊ မြေမညီလျှင်၊ ညီအောင်ညှိ၍ တက်ရမယ်။
ခလုတ်ကန်သင်း၊ ကန့်လန့်ခင်း၊ အကြွင်းမရှိပယ်ရမယ်။
အမြတ်ကြီးစား၊ လူတလွှား၊ စိတ်ထားပြောင်းအောင် ပြင်ရမယ်။
တို့လယ် တို့ယာ၊ တို့ဝမ်းစာ၊ ညီညာအားတိုက် စိုက်ရမယ်။
တို့စက်တို့ရုံ၊ လုပ်အားပုံ၊ လက်စုံတွဲ၍ လုပ်ရမယ်။
ပြည်သူ့စီးပွါး၊ ပြည်သူစား၊ ပြည်သားအပိုင် ဖြစ်ရမယ်။
တိုင်းပြည်စီးပွါး၊ တို့ခွန်အား၊ တို့ကားတည်ဆောက် မြဲရမယ်။

စိတ်ကိုသို့ပြင်၊အမှန်မြင်၊ လိုအင်လမ်းကြောင်း၊ တိမ်းမစောင်း၊ အပေါင်း ပြည်သူ၊ စိတ်တူသံပြိုင်၊ သီချင်းအိုင်နှင့်၊ မြိုင်မြိုင်ရွှေသို့၊ လှမ်းကြစို့လေ၊ ပြည်သူအပေါင်း၊ လုပ်သားကောင်းတို့လေ။

ဇေယျ။



## ကျေးဇူးဆပ်လေ

မြန်တိုင်းနဂရာ၊ သမိုင်းမှာလျှင်၊
　ဘယ်ခါကမျှ၊ မပေါ်ရသည့်၊
ဆိုးစွကျွန်တွင်း၊ သက်ဆင်းမွန်းနစ်၊
　နှစ်ပေါင်းတရာ၊ ကာလတာဝယ်၊
မြန်မာတိုင်းဖွါး၊ လူနှင်းပြားတို့၊
　ရှည်လျားကာလ၊ လွတ်လပ်ရအောင်၊
ကြိုးပမ်းဆောင်စဥ်၊ ရောင်ဝါထိန်လင်း၊
　နေမင်းပေါ်လာ၊ ကဲ့ပမာသို့၊
အာဇာနည်စစ်၊ ပြည်ချစ်ခေါင်းဆောင်၊
　မြတ်အခေါင်သည်၊ ရွှေဆောင်ပြုကာ၊
မြန်မာပြည်ထောင်စု၊ လွတ်လပ်မှုကို၊
　အားစုအင်စိုက်၊ တိုက်ခိုက်တော်လှန်၊
နယ်ချဲ့ရန်မှ၊ ဝေးလံလွတ်ကင်း၊
　အမှောင်တွင်းမှ၊ ရှင်းရှင်းထွက်ရ၊
လွတ်လပ်ကြ၏၊ ကြီးစွကျေးဇူး၊
　ဂုဏ်အထူးကို၊ ချီးကျူးမကုန်၊
မြေဝသုန်နှင့်၊ နှိုင်းတုံမြင့်မိုရ်၊
　မကပိုသည်၊ ဗိုလ်ချုပ်ဖခင် အောင်ဆန်းတည်း။

စံနှိုင်းစရာ၊ မရှိပါဟု၊
　ကမ္ဘာလုံးက၊ အံ့သြရသည့်၊
ဒို့ဖ ဗိုလ်ချုပ်၊ သူ့သရုပ်ကို၊
　ဖေါ်ထုတ်စဥ်းစား၊ ဆင်ခြင်ပွါးစို့၊

စား ဝတ် နေမှု၊ အစစုကို၊
ဂရုမထား၊ လူနင်းပြားနှင့်၊
တသားတည်းသာ၊ နေတတ်ရှာ၏၊
အာဏာမလို၊ ထက်ကိုမမှန်း၊
မင်မ်းခွင့်ရေး၊ မတွေးစည်းစိမ်၊
နှလုံးအိမ်တွင်၊ ကြိမ်ကြိမ်စဉ်းစား၊
စာရေးသားရန်၊ စိတ်အားသန်ခဲ့၊
ပြည်မြန်လွတ်လပ်၊ ရတုံလတ်သော်၊
ချဉ်းကပ်တောရွာ၊ အေးငြိမ်းစွာတွင်၊
စာပေရေးမှု၊ ဓိဋ္ဌာန်ပြု၏၊
ပြည်သူ့အကျိုး၊ ဆောင်သည်ပိုးစဉ်၊
အပ်ကျိုးတချောင်း၊ ယောင်းမတတို၊
မရလိုသည့်၊ ဗိုလ်ချုပ်နှင့်သာ၊
နှိုင်းစရာမှု၊ ပမာမင်းကြီးရန်နောင်တည်း။

ကံရှိင်းကြမ္မာ၊ ဆိုးလှစွာကြောင့်၊
မသမာလက်ချက်၊ ခန္ဓာပျက်ရ၊
ချိန်ကာလကား၊ ထောင့်ကိုးရာ့လေးဆယ်၊
ခုနစ်ဝယ်တွင်၊ ခေါ်ဖွယ်ဇူလိုင်၊
မိုးဖြိုင်သွန်းရွာ၊ ဆယ့်ကိုးမှာတည့်၊
ကြီးစွာကျေးဇူး၊ ဂုဏ်အထူးကို၊
ချီးကျူးတသ၊ သတိရမှု၊
ဆန္ဒဗိုလ်ချုပ်၊ ထိုအလုပ်ကို၊
အားထုတ်လိုက်နာ၊ ဆောင်ရွက်ရာ၏၊

မြန်မာတိုင်းဖွါး၊ ပြည်ထောင်သားတို့၊
ကွဲပြားမရှိ၊ မြင်လိုဘိ၏၊
နတ္ထိဝမ်းစာ၊ စုတ်ချာအိုးအိမ်၊
ရောင်မှိန်အဝတ်၊ မွဲငတ်အလုပ်သမား၊
လယ်သမားတို့၊ ဖွံ့ထွားချမ်းသာ၊
ဆန္ဒာတောင့်တ၊ တွေ့လိုလှ၏၊
မွေးဖ ဗိုလ်ချုပ်၊ အားထုတ်တောင့်တ၊
အဝဝကို၊ စေ့ငပြီးပြေ၊
ဆောင်ရွက်လေလျှင်၊ မည်ပေကျေးဇူး ဆပ်ခြင်းတည်း။

**ရန်အောင်။**



## ပြောလိုက်ပါဘိ ဟောပါဘိ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း၊
မင်း၏သက်လှယ်၊ မင့်သားငယ်သည်၊
　　သက်နှစ်ဆယ်ပင် ပြည့်ခဲ့ပြီ။

သူသုံးနှစ်သား၊ ဖေါ်ချင်းများနှင့်၊
　　အူယားဖါးယား၊
ကစားရာမှ၊ နွားရုပ်ချ၍၊
　　နတ်ကျသည့်သွင်၊ မင့်ရင်ခွင်သို့၊
ပြေးဝင်ပုန်းလာ၊ သူ့မူရာကို၊
　　ငါမြင်ခဲ့၏ မှတ်မိ၏။

မိုးကစိုစို၊ ကျီးအုပ်ပြိုရှဲ၊
ထိုမှဤမှ၊ တို့လမ်းမတွင်၊
ပျံကြဝဲကြ၊ ငရဲထသို့၊
အုံကြွမြည်အာ၊ မသာယာကို၊
ငါကြားခဲ့၏ မှတ်မိ၏။

ထိုနေ့ဥပင်၊ ထိုချိန်ထင်၏၊
သခင်အောင်ဆန်း၊ ပြည်သူ့ပန်းသည်၊
ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏၊
မြေခသတင်း၊ မိုးကြိုးခွင်းသို့၊
အိမ်တွင်းအိမ်ပြင်၊ တို့လမ်းခွင်၌၊
မချင်မရဲ၊ ဝမ်းနဲခဲ့ခက်၊
မျက်စိမျက်နှာ၊ ညှိုးကြရှာသည်၊
ရွာဦးပိုင်းမှ သင်္ချိုင်းထိ။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း၊
မင်း၏သားငယ်၊ နှစ်ဆယ်သက်စစ်၊ သူတို့ခေတ်၌၊
တိုင်းချစ်ပြည်ခင်၊ မြတ်စေချင်၏၊
မင်းမြင်ငါကြား၊ စကားဥဒါန်း၊
ဆန်း၏သတ္တိ၊ ဆန်း၏သမာဓိ၊ ဆန်း၏ပညာ၊
ဆန်းမှာဆုံပေါင်း၊ ယောကျ်ားကောင်းတို့၊ ခေါင်းဆောင်သဘော၊
မင့်သားချောကို၊
ပြောလိုက်ပါဘိ ဟောပါဘိ။

ဇော်ဂျီ။



# ဗိုလ်ချုပ်အောင်ဆန်း

## (အတိတ်နှင့်ပစ္စုပ္ပန်)

မသိ၍ဆို၊
　　မလို၍ပြော။

သူ့စိတ်မှာ အလွန်ယဉ်လို့၊
　　သူ့ဉာဉ်မှာ အလွန်သန့်တယ်၊
ထူးချွန်သဘော။ ။

မသိ၍ထင်၊
　　မမြင်၍ပြော။

သူ့ဝိညာဉ် မသေပျောက်ပါဘူး၊
　　မိုးပေါက်လို အစဉ်ကြည်လို့၊
နေခြည်လို အစဉ်လန်းကာ၊
　　ဖျန်းဆွတ်စိတ်စေ။ ။

မင်းသုဝဏ်။



## ဇာနည်ဖွါး

အမိမြေမှ၊ သန့်စင်ကြရာ၊
သူကထူးခြား၊ ဇာနည်ဖွါး၏။

သူငယ်ဘဝ၊ ဆော့မြူးကြလျှင်၊
သူကငေးကာ၊ တနေရာမှ၊
မျက်လွှာမယှက်၊ အတွေးနက်၏။

ကျောင်းသားတကာ၊ ဖွေရှာသိပ္ပ၊
ဆည်းပူးကြွခိုက်၊ သူကထူးချွန်၊
ဇာတိမာန်ဖြင့်၊ ထက်သန်လုံ့လ၊
ရဲသွေးကြွ၏။

အသက်သုံးဆယ်၊ ဝန်းကျင်ဝယ်၌၊
အရွယ်စက၊ ခေါ်တုံကြလည်း၊
သူကသတ္တိ၊ ရဲရဲငြိလျက်၊
အမိမြန်မာ၊ ရတနာသား၊
ဇာနည်ဖွါးဟု၊ ထင်ရှားပီပီ၊
ရှေ့သို့ချီ၏။

ခြော်....ဇာနည်သတ္တိ၊ တိုင်းမရှိ၍၊
သူ၏မေတ္တာ၊ အထုမှာလည်း၊
နှိုင်းရာမရ၊ ကြီးမားစွကို၊
ကြုံရဘေးရန်၊ အတန်တန်၌၊
နောက်ပြန်မတွန့်၊ ရဲရဲဝံ့သည်၊
သက်စွန့်ခန္ဓာ ကြွေသည့်တိုင်။

နုယဉ်။





## ၁၉ ဇူလိုင်

ဇူလိုင်ဆယ့်ကိုး၊ တပ်လှန့်နိုးသည်၊
ဒို့မျိုးစဉ်ဆက်တိုင်သတည်း။

ဆယ့်ကိုးဇူလိုင်၊ မမေ့နိုင်တည့်။

မိုးရက်မိုးခါ၊ ဖြစ်လေပါလည်း၊
ရှုသာမြင်ကွင်း၊ နံနက်ခင်းနှင့်၊
ယင်းသည့်စနေ၊ ဂြိုဟ်ဆိုးမွေခဲ့။

တွင်းဝန်ရုံးဆီ၊ ဆယ်နာရီနှင့်၊
စွန်းသည်ဟိုဘက်၊ နာရီဝက်တွင်၊
ပြည်တွက်ရေးရာ၊ မျှားဝန်တာကို၊
ဖြာဖြာတနည်း၊ ခေါင်းဆောင်ကြီးတို့၊
စုစည်းတထွေ၊ ဆွေးနွေးနေစဉ်....။

ဂျစ်ကားစိမ်းမှ၊ ဆင်းသက်ကြပြီး၊
လက်မှတော်မီ၊ စတင်းချီလျက်၊

တပ်မည်နံပါတ်၊ 'ဆယ့်နှစ်'မှတ်သည့်၊
စစ်တပ်ဝတ်စုံ၊ အရေခြုံတို့၊
စုပြုံတက်သွား၊ မိနစ်ခြားဝယ်....၊

နွားကွဲမတတ်၊ ဒလစပ်လျှင်၊
ပစ်ခတ်ဆူညံ၊ သေနတ်သံတို့၊
မိုးယံကိုဖေါက်၊ လေဝယ်နှောက်သည်....၊
ထက်အောက်ဝန်းကျင် တုန်သတည်း။

ကျည်ပွင့်သံလည်း....၊
မိုးယံကိုဖွင့်၊ လေဝယ်လွင့်သည်၊
ယမ်းပွင့်ယမ်းခိုး ဝေသတည်း။

ဗိုလ်ချုပ်အောင်ဆန်း၊ ပြည့်ချစ်ပန်းနှင့်၊
ခေါင်နန်းစာဆို၊ ဦးဘချိုပြင်၊
ကြည်ညိုဆပွါး၊ ဒို့အားထားသည့်၊
စော်ဘွားမိုင်းပွန်၊ လူရည်ချွန်လျှ၊
သခင်မြနှင့်....၊
တက္ကတူပြိုင်၊ မန်းဘခိုင်....၊
ကြိုင်လှိုင်သတင်း၊ ဦးဘဝင်း....၊
ပျံ့သင်းဂုဏ်ဒြပ်၊ ဦးရာဇတ်တို့၊
ပစ်ခတ်ခံရ၊ ဆောင်ခန်းမဝယ်၊
လဲကျသက်ဆုံး၊ သွေးနီဖုံးသည်....၊
ဆုံးရှုံးခဲ့ရ လေပြီတကား။


ဤသတင်းလျှင်၊
　　ချက်ခြင်းပျံ့သွား၊ ပြည်သူ့နားသို့၊
သိကြားမကြာ၊ ပြည်လုံးမှာလည်း၊
　　သည်းညှာပျက်ပြုန်း၊ ကြိမ်မီးအုံးသို့၊
ယူကျုံးမရ၊ မျက်ရည်ကျခဲ့....၊
　　တသနှမြော၊ အသေစောဟု၊
သောကလှိုက်ဖို၊ ရှိုက်ငင်ငိုမိ၊
　　ရက်ကိုလစား၊ ချိန်တွေများသည်၊
ခုကား ဆယ့်ရှစ်နှစ် တိုင်ခဲ့ပြီ။

ပြည့်လွတ်လပ်ရေး၊ အသက်ပေး၍၊
　　စတေးခံသွား၊ ခေါင်းဆောင်များတွက်၊
ဒို့ကားတဖန်၊ ဆောင်ရွက်ရန်ကား၊
　　မိမြန်အတွက်၊ စွမ်းသည့်ဘက်မှ၊
ဆထက်ကြိုးကုတ်၊ အားမာန်ထုတ်၍၊
　　ဗိုလ်ချုပ်ချမှတ်၊ လမ်းစဉ်မြတ်ကို၊
ကျင့်အပ်လိုက်နာ၊ သွားရန်သာတည်း။

ဆယ့်ကိုးဇူလိုင်၊ မမေ့နိုင်တည့်။

ဇူလိုင်ဆယ့်ကိုး၊ တပ်လှန့်နှိုးသည်....၊
　　ဒို့မျိုးစဉ်ဆက် တိုင်သတည်း။

ထွဏ်းနေနွယ်။



# ဥယျာဉ်မှူးငဲ့

နေမင်းဝင်သော်၊
　ငွေမင်ရှက်ဖြာ၊ သစ်ရိပ်သာဝယ်၊
ညင်သာလျှောင်း၍၊ တကိုယ်မွေ့သည်၊
　ချမ်းမြေ့အိပ်စက်ပါပြီလော။

သင်စိုက်ခဲ့သည့်၊
　ပင်နွဲ့ညိုပြာ၊ ပန်းမာလာကား၊
ငုံအာလန်းပွင့်၊ ငွါးငွါးစွင့်လျက်၊
　ရွှန်းတင့်ဝေဆာ ရှိလေပြီ။

လေပြည်လာ၍၊
　ကြည်သာရှင်းသန့်၊ ပန်းရနံ့လျှင်၊
သင်းပျံ့ဝေ့လည်၊ ကြိုင်လှိုင်စည်သော်၊
　ရော်ရည်မျှော်မှန်း၊ သည်အလွမ်းနှင့်၊
စိတ်ဝမ်းညှို့နွဲ၊ သင့်ကောင်းမှုကို၊
　သာဓုသံသာ ခေါ်မိတကား။

မင်းယုဝေ။



## ကျေးဇူးဆပ်ချိန်

မုတ်သုန်နိုးသည့်၊
ဆယ့်ကိုးဇူလိုင်၊ မမေ့နိုင်ချေ၊
မခိုင်စိတ်ဝမ်း၊ မလန်းဘဝင်၊
မရှင်နှလုံး၊ ပူဆာနှုန်းမိ။

ဗိုလ်ချုပ်အောင်ဆန်း၊ ပြည်သူ့ပန်းတို့၊
သွေးလွှမ်းလူးပေ၊ ခိုင်လုံးကြွေသည်၊
ဖြေဆည်မတုံ့ နိုင်တကား။

ကြေခြောက်....ရည်ဝေမျက်လုံး၊
နှလုံးဆွတ်ကျင်၊ လှိုက်မောရင်နှင့်၊
မြော်မြင်တသ၊ ဦးနှိမ်ချယင်း၊
တင်းကြအားမာန်၊ ဆန်ကြခေတ်လမ်း၊
လှမ်းကြရှေ့ဆီ၊ ဗိုလ်ချုပ်ရည်သည့်၊
ပြည်ရွာထွန်းသစ်၊ လုပ်သားခေတ်သို့။

အနုပညာ၊ စာပေဂီတ၊
ဉာဏလုပ်သား၊ ထိုအင်အားလည်း၊
လှုပ်ရှားပြည့်တွက်၊ လှမ်းပါလျက်တည့်။

လယ်ယာစက်ရုံ၊ အလုပ်ရုံ၌၊
အားကုန်စိုက်ကြ၊
ကာယလုပ်သား၊ ထိုအင်အားလည်း၊
တက်ကြွားပြည့်တွက်၊ လှမ်းပါလျက်တည့်။

ပြည်နယ်ပြည်မ၊ မခွဲကြတော့၊
သွေးမျှစုစည်း၊ တလုံးတည်းဖြင့်၊
ဆုံဆည်းမျိုးသား၊ ထိုအင်အားလည်း၊
မြင့်မားပြည့်တွက်၊ လှမ်းပါလျက်တည့်။

မြို့ကျောင်းရွာကျောင်း၊ စာသင်ကျောင်းမှ၊
ကျောင်းသားလူငယ်၊ မောင်မယ်ရည်တူ၊
ကြည်ဖြူစိတ်ထား၊ လူငယ့်အားလည်း၊
ဆင့်ပွါးပြည့်တွက်၊ လှမ်းပါလျက်တည့်။

ရည်ဝေမျက်လုံး၊
  နှလုံးဆွတ်ကျင်၊ လှိုက်မောရင်နှင့်၊
မြော်မြင်တသ၊ ဦးနှိမ်ချလျက်....။

အသက်ကိုပေး၊ စတေး၍အပ်၊
  လှတ်လပ်ခဲ့မှု၊ ပြည်ထောင်စုကို၊
ရှုံးစုထိန်းသိမ်း၊ စောင်းမတိမ်းဘဲ၊
  ငြိမ်းချမ်းပြည်သစ်၊ လုပ်သားခေတ်တိုင်၊
ဆုတ်နစ်မဲ့ကင်း၊ အားမာန်သွင်းလျက်၊
  ပြင်းပြရည်စူး၊ လွန့်ကာလူး၍၊
ကျေးဇူးဆပ်ချိန် တန်ပြီတကား။ ။

ဘုတလင် ချစ်လေး။

ဗ၊ပ၊—အမှတ် ၆၅ (အချပ်ချပ်) ယဉ်ကျေးမှုဌာန ၊ ၁၅-၇-၆၄—၂၀,၀၀၀ + ၆—(ရွှေသို့)။



## "မှတ်မိသမျှ – ကိုအောင်ဆန်း၏ ကျောင်းသားဘဝ"

ဗိုလ်ချုပ်အောင်ဆန်း (ဝါ)သခင်အောင်ဆန်း(ဝါ)ကိုအောင်ဆန်းနှင့် ကျောင်းနေဘက် နိုင်ငံရေးလုပ်ဖေါ်ကိုင်ဘက် တဦးဖြစ်ခဲ့၍ ကျောင်းသို့နေစဉ်က မှတ်မိသမျှကို မှတ်တမ်းတင်လိုက်သည်။ ကိုအောင်ဆန်းသည် ကျွန်တော်တို့ထက် ၂ နှစ်စော၍ တက္ကသိုလ်သို့ ရောက်ရှိနေပါသည်။ ကိုအောင်ဆန်းကို ကျွန်တော်တို့အတန်း ဆင်းချိန်နှင့် သူအတန်းတက်ရန် သုတ်သီးသုတ်ပျာ လာချိန်တို့တွင် 'အင်းဝ' ဆောင်ရှေ့တွင် မကြာခဏ ဆုံစည်းမိတတ်ကြပါသည်။ နောက် ကိုအောင်ဆန်းနှင့် ကျွန်တော်တို့ ခင်မင်ရင်းနှီးလာခဲ့ကြသည်။

ကိုအောင်ဆန်း၏ ကျောင်းသားဘဝ ဝတ်ပုံဆင်ပုံမှာ ကျွန်တော်တို့အဖို့ အထူးအဆန်း မဟုတ်သော်လည်း အများအဖို့ အတော်ကြီးထူးဆန်းနေသလို ဖြစ်ခဲ့ပါသည်။ ရှပ်အင်္ကျီကို ကြယ်သီးအပြည့်မတတ်ဘဲ ပင်နီအပေါ်အင်္ကျီကို ကပိုကရိုဝတ်၍ မွန္တလေးလုံချည် အနွမ်းကိုပင် ဆင်မြန်းကာ ဆံပင်စုတ်ဖွါးနှင့် သင်ကြားပို့ချချက်များလိုက်ရန် မှတ်စုစာအုပ်လက်တွင်ကိုင်ပြီး စိုက်စိုက် စိုက်စိုက် သွားတတ်သည်ကို ယခုတိုင်ပင် မှတ်မိလျက်ရှိပါသည်။

ကျွန်တော်တို့ အသိမိတ်ဆွေ သူငယ်ချင်းများနှင့်တွေ့လျှင် ကိုအောင်ဆန်းသည် ပြုံး၍သာ နှုတ်ဆက်ပြီး ရှေ့ဆက်စိုက်စိုက် စိုက်စိုက်သွားလေ့ရှိပါသည်။ တခုခုကို အစဉ် အာရုံစိုက်ပြီး နေသောအသွင်မှာ အမြဲထင်ရှား၍ နေပါသည်။ ကိုအောင်ဆန်းသည် ကျောင်းတွင် သူငယ်ချင်းများနှင့် 'ဟေးလား – ဝါးလား' စကားဖွဲ့လေ့မရှိပါ။ သင်ကြားပို့ချသမျှကို အမြဲ အာရုံစိုက်ပြီး နားထောင် မှတ်သားလေ့ရှိပါသည်။ ထို့ကြောင့်လည်း ကိုအောင်ဆန်း စာမေးပွဲတိုင်း ကောင်းစွာအောင်မြင်သည်ချည်း ဖြစ်ပါသည်။

ကိုအောင်ဆန်းနှင့် ခင်မင်ရင်းနှီးလာပြီး သူ၏အခန်းသို့ သွားရောက်လည်ပတ်သောအခါ သူ၏အခန်းမှာ မသေသပ်ဆုံး အခန်းတခု အမြဲဖြစ်နေသည်ကို ကောင်းစွာသတိပြုမိသည်။ တခါတရံ ကိုအောင်ဆန်းသည် ညလုံးပေါက် စာဖတ်လေ့ရှိပါသည်။ စာသင်ခန်းတွင် နှုတ်ဆိပ်သလောက် သူ၏အခန်းရောက်၍ စကားစမိလျှင် ကိုအောင်ဆန်းသည် အာပေါင်အာရင်းသန်သန်နှင့် စိတ်ပါလက်ပါ ပြောလေ့ရှိပါသည်။ မည်သည်ကိုလေ့လာ လေ့လာ နှိုက်နှိုက်ချွတ်ချွတ် အပင်ပန်းခံပြီး လေ့လာတတ်ပါသည်။ ထို့ကြောင့် ကိုအောင်ဆန်းစကားပြောလျှင် ပိုင်ပိုင်နိုင်နိုင် ပြောလည်းပြောနိုင်ပါသည်။ သူ၏ပြောဟန်ထဲမှ 'ဒီမယ် –ဒီမယ်'ဟု ပြောပုံများ 'ကိုယ့်လူ–ကိုယ့်လူ'ဟု ပြောပုံများမှာ နားထဲတွင်စွဲ၍ ယနေ့တိုင် ရှိနေပါသေးသည်။

တညနေတွင် သထုံဆောင်၌နေသော ကိုကျော်ငြိမ်း(ယခု ဒုဝန်ကြီးချုပ်)၊ ကိုအောင်ဆန်းနှင့် ကျွန်တော်တို့ သုံးဦးသာ တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းထောင် (ယခု ကုလားလက်ဘက်ရည်ဆိုင်နား) တွင် ရောင်းနေသော အကြော်ဆိုင်၌ တဝစားကြပြီး အင်းလျားကန်ဘက်ကို လျှောက်ကြပါသည်။ ဘင်္ဂါလီလူငယ်များ၏ ခြောက်လှန့်သတ်ဖြတ်ရေးဝါဒ(Terrorism) ကို သူရွံ့ရှာ မုန်းတီးပုံ အားရပါးရ ပြောပြီးလျှင် သူသည် တဦးချင်း လူစွမ်းကောင်းဝါဒကို မုန်းတီးကြောင်း၊ စုပေါင်း စည်းရုံးလုပ်ကိုင်ခြင်း (organized action) ကိုသာ ယုံကြည်ကြောင်း တနာရီကျော်ကျော်ခန့် ပြောနိုင်ခဲ့ပါသည်။

ကိုအောင်ဆန်းဓါတ်ပုံမှာ အတော်ကြီးစံနစ်ကျလှပါသည်။ ပထမစာအုပ်၏ မာတိကာကို ကောင်းစွာ မှတ်သားပါသည်။ နောက်တခန်းစီဖတ်လျက် ဖတ်ပြီးသား အခန်းများ၏ အချုပ်သဘောကို မှတ်စုစာအုပ်ဖြစ်စေ၊ စာရွက်လွတ်၌ဖြစ်စေ မာတိကာခေါင်းစဉ်ချ၍ အတိုချုပ် (summary) မိမိဘာသာမိမိ ရေးသားလေ့ရှိပါသည်။ ကိုအောင်ဆန်းသည် ကျောင်းစွာနှင့် အပြင်စာ နှစ်ခုလုံးကို ကျေလည်အောင် ဖတ်နိုင်သော သတ္တိရှိသူဖြစ်လေသည်။

ထိုခေတ်အခါက ပေါ်ပေါက်နေသော ပြဿနာများ၊ အခြေအနေများကို မကြာခဏဆိုသလို ကိုအောင်ဆန်းနှင့် ဆွေးနွေးကြပါသည်။ ကိုအောင်ဆန်းသည် အဖြီးအဖြန်းမပါဘဲ လိုရင်းချက်များကို ပြတ်ပြတ်သားသား တစ်တစ်ခွခွ ဖေါ်ထုတ်လေ့ရှိပါသည်။ စာရေးရာတွင်လည်း အင်္ဂလိပ်ဘာသာနှင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်ဖြစ်စေ၊ ထိထိမိမိ ထင်ရှားပေါ်လွင်အောင် ရေးသားနိုင်ပါသည်။ ၂ ဘာသာစလုံးကို ကောင်းကောင်းကြီး ကျွမ်းကျွမ်းကျင်ကျင် ရေးနိုင်သူများ နည်းပါးသော်လည်း ကိုအောင်ဆန်းမှာ ထိုသို့ရေးနိုင်သူတဦး ဖြစ်ပါသည်။

ကိုအောင်ဆန်း ဥပဒေတန်း ပထမနှစ်သင်ကြားနေခိုက် ထိုစဉ်က ကွယ်လွန်သူ ဒေါက်တာသိန်းမောင် ဦးစီးသော မြန်မာပိုင် အင်္ဂလိပ်သတင်းစာ 'နယူးဘားမား'တွင် အချိန်ပိုင်း အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ ကျွန်တော်လည်း ထိုသတင်းစာတွင်ပင် အချိန်ပိုင်း သတင်းအယ်ဒီတာအဖြစ် လုပ်လျက်ရှိပါသည်။

ကျွန်တော်တို့ ၂–ဦးစလုံးသည် ညနေ ၃–နာရီခွဲကျော်မှ သတင်းစာတိုက်သို့ ရောက်ကြပါသည်။ သတင်းစာတိုက် ရောက်လျှင် ကိုအောင်ဆန်းသည် နောက်တနေ့အတွက် သတင်းခေါင်းကြီးကို ကြိုတင်စဉ်းစားလာခဲ့သည့်အတိုင်း ထိုင်ရာမထ ဆိုသလို တထိုင်တည်းနှင့် အပြီး ရေးလေ့ရှိပါသည်။ ကိုအောင်ဆန်းရေးခဲ့သော သတင်းစာခေါင်းကြီးပိုင်းများမှာ နယ်ချဲ့ဆန့်ကျင်ရေးများသာ ဖြစ်ကြပါသည်။ အင်္ဂလိပ်စာကိုရေးရာ၌ နိုင်နင်းသည်နှင့်အမျှ ခက်ခဲလှသော ပြဿနာတို့ကို ရှင်းလင်းပီသစွာ ဖေါ်ထုတ်နိုင်ခဲ့သဖြင့် နယ်ချဲ့အစိုးရနှင့် နိုင်ငံရေးရပ်ကွက်တို့တွင် ကိုအောင်ဆန်း၏ 'ခေါင်းကြီးပိုင်း'များကို လေးလေးစားစား ရှိခဲ့ကြရလေသည်။

မြန်မာဆောင်းပါးများကိုမူ 'မဟာဒဂုန်' မဂ္ဂဇင်းကြီး၌ ရေးလေ့ရှိခဲ့ပါသည်။ မြန်မာဆောင်းပါးများ ရေးသောအခါတွင်လည်း ကိုအောင်ဆန်းသည် မြန်မာသံ ပီပီသသနှင့်သာ ရေးလေ့ရှိခဲ့ပါသည်။ ဟောပြောရာ၌မူ ကိုအောင်ဆန်းသည် 'ဒေါ်'များများပါပြီး ပြောချင်ဇော ကြီးနေသည်ကို မကြာခဏ ကြုံရတတ်ပါသည်။ 'အိုးဝေ' မဂ္ဂဇင်းစာတည်းအဖြစ် ကိုအောင်ဆန်း ဆောင်ရွက်နေစဉ်က 'ငရဲခွေးကြီးလွတ်လာလေပြီ'ဟူသော အင်္ဂလိပ်စာ ကဈာပါ ဆောင်းပါးမှာ တက္ကသိုလ်နယ်မြေသာမက တနိုင်ငံလုံး သိမ့်သိမ့်တုန်သွားခဲ့ပါသည်။ ထိုဆောင်းပါးတွင် ဖွင့်ချလိုက်သောအချက်များကို အကြောင်းပြု၍ ကျောင်းသားအရေးတော်ပုံ ပေါ်ခဲ့ရလေသည်။ ဗမာ့နိုင်ငံရေးဖြစ်စဉ်တွင် မှတ်တိုင်ကြီးတခုဟု ဆိုနိုင်ပါသည်။

သမဂ္ဂကိစ္စများကို ဆောင်ရွက်ရာတွင်လည်း ကိုအောင်ဆန်းသည် အပင်ပန်းခံကာ အစား အသောက် အအိပ်အနေကို ပမာမပြုဘဲ လုပ်လေ့ရှိပါသည်။ အလုပ်လုပ်ရမှာကို ဘယ်သောအခါမျှ ကြောက်ရွံ့ခြင်း မရှိသူများတွင် ကိုအောင်ဆန်းသည် ထိပ်ဆုံးက အမြဲရှိပါသည်။ ဇွဲလည်းအလွန် ပြင်းထန်ပါသည်။ ဘာလုပ်လုပ် စိတ်ရောကိုယ်ပါ လုပ်တတ်၍လည်း သူလုပ်သမျှမှာ ခရီးရောက်လေ့ရှိပါသည်။

ကျောင်းသားဘဝ၌ ဟန်ရေးပြခြင်းကို စက်ဆုတ်ပြီး ထိထိမိမိ လေ့လာမှတ်သားကာ ဇွဲရှိရှိနှင့် လုပ်သားကိုင်သားကျသော ကိုအောင်ဆန်းသည် သခင်အောင်ဆန်းအနေနှင့်၎င်း၊ ဗိုလ်ချုပ်အောင်ဆန်းအနေနှင့်၎င်း နိုင်ငံ့တာဝန်တို့ကို မမောနိုင် မပန်းနိုင် ဆက်လက် ထမ်းဆောင်ပြီး နိုင်ငံလွတ်လပ်ရေးမုခ်ဦးသို့ အရောက်ပို့ဆောင်နိုင် ခဲ့ခြင်းမှာ ကျောင်းသားကျောင်းသူတိုင်း အားကျနည်းယူဘွယ်ပင် ဖြစ်တော့သည်။

ကျောင်းသား ကျောင်းသူတိုင်း ကိုအောင်ဆန်း နည်းတူ နိုင်ငံအတွက် ကြိုးပမ်းအားထုတ်နိုင်ကြ ပါစေ။ ။

*သခင်ကျော်စိန်*

*( ၁၉၆၀–၆၁ ခုနှစ်ထုတ် ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင် အတွဲ(၄)၊ အမှတ်(၂) မှ ထုတ်နုတ်ဖော်ပြပါသည်။)*



# ငြိမ်းလူ

# လရုလိုင်ကို ရဲဝံ့သူသာပိုင်တယ်

နှင့်

## အခြားကဗျာ (၉) ပုဒ်



ငြိမ်းလူ

# အမှတ်ရတဲ့ စာမျက်နှာ

အကွေ့
အပျော်စီးသင်္ဘောပေါ်က
လူတွေကို သရော်တာလား

နေ့
ထားလိုက်စမ်းပါ
ရေတက် ရေကျက
သဘာဝတရားကို
တိုက်စား
တသက်လုံး
လောက်စာလုံး မမြင်ဖူးတော့
ပြောရခက်သား
ဒါနဲ့ ပြန်လေတဲ့ ငှက်ခါး
နားခါမှ သိမယ်ဆိုပဲ။

မုန်တိုင်းက
အရင်လာတာလား
လေပြေ

အလင်းနှစ်နဲ့ချီ
သယ်ဆောင်လာတာ
လွတ်မြောက်ခြင်း

ထွင်းလှေနဲ့လား
စပ်လှေလား
သွားမယ်
ရေးရေစက်ကံမကုန်တာ
သူပုန်ထခြင်း။

တက်ခုတ်ရင်း
သွားကြားထိုးတံဖြစ်သွားတဲ့
သမိုင်းတွေကို
နိဂုံးမချုပ်ပါရစေနဲ့

ဘုရားဖူးသွားရင်
ကလေးတွေချော့ဖို့
စက္ကူကျားတွေ
အကောင်ပေါက်ကစလို့ ရှိတယ်လို့ ပြောလိုက်ရုံ

အချိုးအကွေ့တိုင်းမှာ
လှိုင်းဒဏ်နဲ့ ရင်ဆိုင်

ဝိုင်တခွက်-- မယိမ်းမယိုင်
သင်္ဘောပေါ်
ထိုင်လိုက်သွားပါစေ

သူ့မှာ
အကွေ့နဲ့ နေ့လည်းရှိ
ညတော့ရှိတယ်
လ မရှိပြန်ဘူး

တို့အတွက်တော့
တက်ကျိုးရင်
လှော်ဖို့
လက်ထိုးဖော်သာ အရေးကြီးတယ်။ ။




အပြောင်းအလဲတဲ့
ချစ်သူရေ
မင်းနဲ့ငါ
သက်ဆုံးတိုင် မပြောင်းလဲကြေးနော်

ကမ္ဘာပူနွေး
ရေခဲပျော်ရ
သစ်ခြောက်ကျိုးကျ
ဖျိုင်းအုပ်လန့်ပျံ
စသည် .. စသည်ဖြင့် ...
ညီလာခံ။

မီးဖိုပေါ်
ဒယ်တင်ပြီးမှ
ဆီရှာမရတဲ့
တို့ ... လူတွေဘဝနဲ့များ .. ကွာပါ့..။

ဆရာနေဇော်နိုင်ရဲ့
သံလမ်းမဲ့ရထားမဟုတ်

လက်မှတ်ကုန်သွား
လမ်းကြောင်းပြောင်းခဲ့
ရထားထွက်မဲ့
ခရီးမှာ
စီးနင်းသူများလို့တဲ့

ကဆုန်မှာ အတာကူးမှာမို့

ပြောင်းလဲဖို့ရှိသတဲ့
သိကြားမင်းက
ကျွဲစီးဆင်းမှာနော်
တို့ .. တိုင်းပြည်လုပ်
သင်္ကြန်စာရောင်းသူ့အော်သံ ..။

တရုတ်တွေ ဒီတခါ ညှံ့တယ်
ကျားနှစ်မဟုတ်
မျက်မမြင်ပုဏ္ဏားတွေ
ဆင်စမ်းမဲ့ .. ဆင်နှစ်

ဟိုမှာကြည့်စမ်း
ဓမ္မနဲ့လုပ်အား
ပေါင်းစပ်ထား .. စိမ်းစိုနေပါရော့လား

ဟော ... ဟိုမှာတော့
၂၀၁၀ ....
အပြောင်းအလဲကို
အမြီးမှာချည်ထားတဲ့
မြွေတကောင်
ပတ်ကြားအက်ထဲဝင်သွားလို့
ရှာဖို့ကြိုးစားနေသူတွေနဲ့
စည်ကားလို့နော်

ပြီးတော့ .. သူတို့က ..
မဲပြာအိုးထဲ
ကျသွားတဲ့
မြေခွေးတွေအဖော်ပြုလို့

ချစ်သူရေ
မင်းနဲ့ငါတော့
မပြောင်းလဲကြေးနော် ...

၂၀၁၀ ပဲဖြစ်ဖြစ်
လွန်သွားတာပဲဖြစ်ဖြစ်ပေါ့ ... ။     ။



# ပြောင်းခင်ထဲက နေ (သို့မဟုတ်) ရင့်ကျက်စေသော စာမျက်နှာ

ငြိမ်းလူ

ထားခဲ့ညနဲ့
သွားမဲ့ည
မှောင်တာ တူတာပဲလား

ဖနောင့်မှာ
မနတ်ဖြစ်ခဲ့တဲ့ဆူးက
ပိုနက်သလား

ထိတာနဲ့
ရှန်းဖို့လား
အနီလား
အစိမ်းလား

ကမ်းပါးကိုမထိတဲ့ လှိုင်းဆိုတာကော
ရှိလား

ညကို လမ်းလျှောက်
တောင်မြောက်ကို ကြည့်ခွင့်မရတာ
အပြစ်လား

ဖုန်းဆိုးတောင်ယာ
တသီတတန်း
ဒီလမ်းကိုတော့ ကဗျာမဖွဲ့နဲ့

တို့မှာ
တောင်တန်း
ကမ်းပါး
လမ်းသွားတွေရှိပါလျက်
ဖြစ်ရရင်လေ
ရက်ရက်စက်စက်

အရည်ပြားပေါ်မှာ
ထင်ကျန်နေတဲ့
အမဲစက်တစက်အတွက်
ခရီးမထွက်နဲ့လို့
ပြောပြသူတွေအတွက်တော့
မနက်ဖြန်မှာ
လွှက်ရည်ဖန်ဖန်လေး
တခွက် .....
တိုက်လိုက်ပါ

ဒါပြီးရင်လေ
သူတို့က
ပါရီက နံရံတွေအကြောင်း
ဇီမာလမ်းဆုံအကြောင်း
ခင်ဗျားကို ကောင်းကောင်းပြောပြလိမ့်မယ်

ဆေးရေးနတ်သွင်း
ချစ်ခြင်းသီဖွဲ့
ဗင်းနစ်ရဲ့
ပန်းခင်းလှေတွေအကြောင်း
မညောင်းတမ်းပေ့ါ

မြင်းတစီး
ဓားတလက်နဲ့
ဇောရိုးရဲ့
ရုပ်ရှင်ကို
မကြည့်ရစကောင်းလားလို့
စောင်းပါးရိပ်ခြေ
ပြောလေအုံးမယ်

ပြီးတော့ စစ်တွေနဲ့ ညှပ်ထားတဲ့
ပေါင်မုန့်တချပ်လက်ဆောင်
စကပ်တိုတိုပေါင်ပေါ် တင်ပေးလိုက်မယ်

အဲဒီအချိန်မှာပဲ
အသံမကြားအောင်
ကြွေရေသုတ်
ပန်းကန်တချပ်ကွဲ
ဟန်ဆောင်ပြီး ထွက်ခွာသွားမြဲ ... ။

ခင်ဗျားတို့ လေ့လာနေကြ
ကဗျာထဲက
နာရီမဲ့တဲ့
အိုကိုးရဲ့ဘဝထဲမှာ
ကျနော်မွေးတုန်းကလည်း
လင်းကြက်တွန်စဲ
တောင်ယာပေါ်ချိန်ပဲနော် ...။ ။

ငြိမ်းလူ



# လရူလိုင်ကို ရဲဝံ့သူသာပိုင်တယ်

ငြိမ်းလူ

ကျုပ်တို့ဆီမှာတော့
အလေ့ကျမှိုမဟုတ်
ပါဖောမင့်မှိုပွင့်တွေကများ

ဆေးထိုးခံထားတဲ့သစ်သီးကျ
ဈေးကြီးပြန်ရော

ရောဂါထူပြောတဲ့ လောကမှာ
ကျုပ်တို့ပြည်မှ
နလံထတောင် ဖြစ်ခွင့်မရ

လကွေးကွေးက နမ်းပေမယ့်
ည မအေးချမ်း

အသဲကွဲနေတဲ့
မြို့ပြနိုင်ငံမှာ
အမှိုက်သရိုက်ဆန်သူတွေပဲ
ကြီးစိုးတယ်

ဆံ့အနားမကြားကျောင်းမှာ
ဘယ်သူခေါင်းလောင်းထိုးတာလဲ

ရှေ့မတိုးရဲသူတွေကို
အပြောင်းလဲတရားမှာ
ချန်ထားခဲ့တာ
တရားတယ်။

မှတ်သုန်က တိုးဝှေ့
အချိုးအကွေ့ကို
တက်နဲ့လှော်
လမ်းပေါ်မှာ မိုးစက်နဲ့
မျက်ရည်နှော

ဒီဇူလိုင်ဟာ
ရဲဝံ့သူသာပိုင်ဆိုင်တယ်
ထလည်းထကြွတယ်
လှလည်းလှပတယ်။

အဲ့ဒီလမှာပဲ
အသိုက်ပြိုတဲ့
ငှက်တွေဟာ
မျိုးဆက်သစ်တွေ မွေးဖွားမြဲ
မိုးထဲရေထဲမယ်။ ။

ငြိမ်းလူ




သက်သေပြစရာမရှိတဲ့
ကျဆုံးခြင်းလို့
မိစ္ဆာတွေ
ပြုံးနေတဲ့အခိုက် ....

ဝင်းပတဲ့
ကြယ်တပွင့်ဖြစ်သွားတော့
နင်းချစရာ
မြေမရှိတော့မှန်း
သူတို့ .... သိမ်ငယ်စွာနဲ့
သိမြင်သွားတယ်။

အောင်မြင်ခြင်းဆိုတာ
ခင်ဗျားက
ကျနေ့ကို သင်ပြသွားတယ်။

ဒဏ်ရာရနေတဲ့
ခေါင်းဆောင်ကောင်းဟာ

သူ့ရဲဘော်တွေကို
သိပ်လှတဲ့မှသားကိုသုံးပြီး
တိုက်ပွဲကိုနိဂုံးချုပ်ပေးနိုင်တယ်တဲ့။

ရတ်တရက်ဆိုတဲ့
စကားလုံးထက်
ရဲဘော်အတွက်
အဲ့ဒီည အိပ်ပျက်တယ်။

ညတိုင်းမှာ
ခင်ဗျားရယ်
သူရဲကောင်းတွေအကြောင်း
အိပ်မက်ပေါင်းများစွာနဲ့
အိပ်ပျက်ခွင့်ပြုပါ။ ■

**(စစ်အာဏာရှင်တို့၏ အကျဉ်းထောင်အတွင်း ကျဆုံးသွားခဲ့ရသော ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင် သို့)**

# အရှက်ရတဲ့ညနေ



ငြိမ်းလူ

ငါထင်ထားတာထက်
ရာသီကပိုဆိုးလာတယ်။

ညနေခင်းအလင်းကို
အုပ်ဆိုင်းခြင်းတွေ
အကြိမ်ကြိမ်ချဉ်းနင်းလို့ ...

ပေးဆပ်ခြင်းမရှိရင်
ရလဒ်မဲ့သတဲ့။

အန္တရာယ်ကြားက
အစာကောက်စားတဲ့
အိပ်တန်းပျံစ
ငှက်တကောင်ကပြောတယ်။

နာရီတွေမြန်မြန်လှည့်လိုက်ဖို့
ဆန္ဒမရှိဘူးလားလို့ ... ငါမေးတော့
ရူးရူးဝါးဝါးအော်ပြီး
ထပျံသွားတယ်။

သူအဖြေကို အကြိမ်ကြိမ်စဉ်းစားမိမှ
ထိုင်ကြည့်နေတဲ့ငါ့ကို
ဟားတိုက်သွားတာပါလား ...။

အဲ့ဒီညနေ ... လေ
သိပ်ရှက်တယ် ... ညနေ။ ■

# ည

ငြိမ်းလူ




ခပ်အုပ်အုပ်
ယမ်းပေါက်သံတွေကြောင့်
ခံစားမှုမပါဘဲ
တိုက်ပွဲထဲမလာပါနဲ့တဲ့

မြို့မက
မျက်ရည်လိမ်း
အဖြူအစိမ်းလေးစကား အဆုံး
နေဦးညီ
ဒီကောင်တွေလက်ဦးသွားပြီလို့
ကျနော်ပြောခဲ့မိပါရဲ့။

လှုပ်တာထက်ပိုတဲ့ နှလုံးသားက
ကျူပ်ရင်ကို
ညနက်နက်မှာကြိမ်မီးအုံးတာမို့
ချီတက်ခဲ့ … ချီခဲ့

ကမ္ဘာမကြေသီချင်းတွေသီဆို
ကိုလိုနီခေတ် လူနာရုံလမ်းမထဲ
သွေးသံတွေရဲရဲရယ်။

ပပဝင်းရုံနောက်ထဲ
ကတ္တရာလမ်းကုပ်ကုပ်မှာ

သဲသဲလှုပ်နေတဲ့လူအုပ်ရယ်
ဘီလူးတွေရယ်

ခပ်ကျဲကျဲမီးတိုင်အောက်
ပြည်သူ့ပြောက်ကျားတယောက်
ညာသံက
လူရိုင်းတွေကို
ပြည်သူ့တံတိုင်းနဲ့ချေမှုန်းကြတဲ့ …

လှလိုက်တဲ့စကား
ဩဂုတ်မိုးစက်ကြား
ညကြီးမင်းကြီးလန်းတဲ့
ပန်း …
ခုထိလွမ်းဆဲ။

ဒါနဲ့ခံစစ်တွေပြင်
ထိုးစစ်တွေဆင်ခဲ့ပေါ့
ညီ … မင်းခုရှိလောက်ဆို

တဆယ့်ရှစ်နှစ်အစ်ကို့တို့ထက်
ပျိုမြစ်မှ
ဆယ်စုနှစ်တခုပဲ …
ချီလှဲ့ပေါ့ … ရဲရဲ

မိုးစက်ကျ လတွေထဲ
ချီလှဲ့ပေါ့
မြို့ပြညတွေထဲ
မောင်းပြန်တွေကဖြင့်
ယမ်းမစဲ။ ■

**(ဖြတ်သန်းခဲ့သည့်နေ့ရက်များသို့)**



# ကြယ်စင်တို့ရဲ့လမ်း

ငြိမ်းလူ

- အမှန်တရားက
  အချိန်နဲ့ရွေ့လျားတဲ့ကာလထဲ
  ရေစီးကြောင်းတွေ
  တားမရလိုက်ဘူး။

- ရွက်နုတွေဖြင့်
  ဝါကျင့်သွားကြပေါ့။


- ခံတပ်တွေ
  တဆင့်ပြီး
  တဆင့်
  ... တဆင့်
  ပြိုလဲ
  ပြန်ဆောက်
  ရောက်ရာအရပ်
  အပင်ပေါက်မယ့်
  သစ်စေ့လေးတစေ့လောက်ဖြစ်ဖြစ်။

- ...
  ...
  မနက်အလင်းရမှ
  ကျနော်တို့
  ကြယ်တစင်းဘဝဖြစ်ရရင်လည်း ဖြစ်စေ။

- ပြီးခဲ့ရင်လေ...
  ကြွေ။ ။

# အနောက်ဘက်ကမ်းက ယာယီအိမ်

ငြိမ်းလူ



(၁)
(၂၀၀၆)
ဟင်းလင်းပြင်မရှိတဲ့
ဘန်ကောက်ည
ယမ်းစိမ်းသုတ်ထားတဲ့
အသားစတွေ … မြိုချခဲ့ရ

ညကမပီမသနဲ့
ကာဗွန်မှုန့်တွေကဖြင့်
နီယွန်မီးကြား
နှင်းယောင်ဆောင်လို့ …

(၂)
ယေရှုဖွားတဲ့ဆောင်းလ
ညီမျှခြင်းကင်းပလို့
ခမ္မတေးက
ယဉ်ကျေးမှုကူးချတဲ့
မြို့ပြထဲ
ဟုမ်းလက်(စ်)[1]တွေနား
ပုန်းဝှက်လို့ …

(၃)
(၁၉၉၂)
အစ္စျတ္တဖြင့်
မြစ်အရှေ့မှာအိပ်လို့
မျက်လွှာချထားတဲ့
ယွမ်းချောင်းလေပြေ
အနောက်ဘက်
စစ်တောင်း … မြေပျို့မှာ

(၄)
ဂစ်တာအိုနဲ့
ခမ္မတေးကို
မီးပုံဖိုလို့ … ကြိုခဲ့ကြ
ဘုရားသခင်
မဖွားမီ … ညက
ယွမ်းစလင်းရေသောက်
မြက်ဖျားက
နှင်းရည်သောက်လို့ …

(၅)
တချို့ကပုခက်ကိုစီး
တချို့ဖြင့် … ပုခက်ကစီးလို့
မီးပုံလေးနဲ့ … မနီးမဝေးမှာ
ခမ္မတေးကို
အေကေ[2]တလက် … ပွေ့ဖက်ရင်း
ညည်းဆိုခဲ့ကြ …
"ဤအိမ်ပေါ်တွင်ကောင်းချီးမင်္ဂလာ
ရောက်စေသော်"

(၆)
အကြိမ်ကြိမ်ပြိုခဲ့တဲ့
ထာဝရအိမ်တွေ … အတွက်
အနောက်ဘက်က …
ယာယီအိမ်မှာ
ဆုတောင်းခြင်းနဲ့
တောင်းဆုပန်ခြင်းတွေ … ထွေးယှက်
မြက်ဖျားနှင်းစက်က
လင်းလက်လို့ …

(၇)
ခုချိန်ထိ
အစ္စျတ္တက
ရှေ့ဘက်မှာအိပ်စက်ခဲ့ …
သိုးမဲတွေကို
အောင်ပွဲခံတဲ့
ညီမျှခြင်း … နေ့ရက်တွေဆီ
ပြန်ချင်တယ် …။

**(၁၉၉၂ ခုနှစ် မကာဒတ၏ စစ်တောင်းမြစ် အနောက်ဘက် စစ်ဆင်ရေးနေ့များသို့)**

[1]Homeless– အိမ်ခြေမဲ့
[2]AK 47 မောင်းပြန်ရိုင်ဖယ်

# မီဒီယာ

ငြိမ်းလူ




graphic art-komyo(nej)

နိုကီရာ ယဉ်ကျေးမှုနဲ့
တိုးတိုက်မိတော့
မီဒီယာဟာ
မျိုးစိတ်သစ် တွားသွားသတ္တဝါဖြစ်သွားတယ်။

နယ်ပယ်အနှံ့
သူ့ဟာနဲ့အသံက
နံရံမဲ့ စည်းမဲ့
ချဲ့ထွင်သွားတာများ
လူတွေ
အမြင်အကြားတွေကား
လူဂြိုလ်သားတဲ့။

အချို့တွားသွားတွေ
ဖရီး ... ဖရီးနဲ့
ဂီယာမဲ့ မီဒီယာတွေလေ
ရပ်ဘရိတ်မပါ
လမ်းသလား
ချစ်သူတွေကို
အဆိပ်သင့်သွားသတဲ့။

ငယ်လင်နဲ့ ... လင်ငယ်
လွဲမှား မမြင်
အရပ်ကဆဲတော့မှ
မြတ်သမျှထဲမှာပဲ
မျက်နှာလွှဲ ခဲပစ်ကျတယ်။

လယ်တဲကအပြန်
ကျူထံရုံကိုလာမှန်တဲ့
မီဒီယာအသံကြောင့်
အင်ဖက်ပေါက်သွားတယ်
လာမဲ့မိုးခါ
ဘာနဲ့ထိုးဖာရပါလိမ့်။

မီဒီယာထဲ
ပုလဲဝဲပါရင်ဖြင့်
ရွှေနှစ်ပျိုးမချင်
အတိုးချကြဲ
ပေါက်သွားတဲ့တဲလေး
ဖာထေးလို့ အိပ်လောက်ပါရဲ့ ...။

---

(NOKIA) နိုကီယာ၊ (Free) ဖရီး၊
ပုလဲဝဲ (ခေတ်မြေသြဇာ)

# ဒေါင်ငြိမ်း



# မြစိမ်းတောင်ပေါ်က
# နဂါးမွေ့တော

အောင်ငြိမ်း

# မြစိမ်းတောင်ကြော
# နဂါးမွေ့တော

ပြည်သူ့ဘက်တော်သားများမှ

ပထမအကြိမ်ထုတ်ဝေခြင်း အဖြစ် အုပ်ရေ (၅၀၀)
၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက် မှာ ထုတ်ဝေပါတယ်။

# မာတိကာ


ဖြည့်ဆက်အညွှန်း ---------------------------------- ၃
အာဇာနည်တမ်းချင်းတပုဒ် (၁၉၇၉) ---------------------------- ၇
မချိုမြိန်တဲ့ ဒိန်ခဲ (၁၉၈၂) ---------------------------------- ၉
နောင်ခေါ်ရှာ နှစ်ဆန်းတရက် (၁၉၈၃) ------------------------ ၁၀
နှင်းငွေ့ဝေဝေ (ရွာပုန်းများကိုခံစားခြင်း ၁၉၈၃) ------------------ ၁၂
ကျည်ဆံနှစ်တောင့် (၁၉၈၃) -------------------------------- ၁၄
မလှပသောနောင်တ(၁၉၈၃ ဩဂုတ်) ------------------------- ၁၅
နွေ(၁၉၈၅ ဇန္နဝါရီ)------------------------------------ ၁၇
တို့ပြန်မေတ္တာ (၁၉၈၆ မေ)-------------------------------- ၁၈
ပန်းနဲ့ ခရီးသည် (၁၉၈၆ မေ) ------------------------------ ၁၉
ရဲလေးဖေါ် (၁၉၈၅) ------------------------------------ ၂၀
အချစ်စံတော်ချိန် (၁၉၈၆) -------------------------------- ၂၂
ငှက်ဖျား (၁၉၈၆) ------------------------------------- ၂၃
အတ္တပြတင်းပေါက် ဖွင့်ကြည့်ခြင်း (သမီးဦး ... သို့) ၁၉၈၈ ---------------- ၂၄
ရီဝေသောမိုးဦးည (၁၉၈၆) -------------------------------- ၂၆
နွေသစ်ပင်(၁၉၈၈) ------------------------------------ ၂၇
လှေတစင်းနဲ့ ခရီးသည် (၁၉၈၈) ---------------------------- ၂၈
မုန်တိုင်း မိုးစက်နဲ့ ပန်းပွင့် (၁၉၈၈) ---------------------------- ၂၉
ဖေါ်ဘူးဆို့ ပေါက်ကွဲမှု (၁၉၈၈) ----------------------------- ၃၀
စည်း ... (၁၉၉၀ ဩဂုတ် ၁၃ ရက်) ၁၉၈၉ မြန်မာနှစ်ဆန်းတရက်နေ့သို့ ------- ၃၂
အရိပ် (၁၉၉၄) --------------------------------------- ၃၄
ရက်စွဲမဲ့ပြက္ခဒိန် (၁၉၉၅ မတ်)... ရွှေရတုတော်လှန်ရေးနေ့သို့ --------------- ၃၆
ပြည်တွင်းစစ် (၁၉၉၅) ---------------------------------- ၃၈
ထိုနေ့ (၁၉၉၅) --------------------------------------- ၃၉
တဒင်္ဂ (၁၉၉၆) --------------------------------------- ၄၀
ခါး (၁၉၉၆) ----------------------------------------- ၄၁
ထောင် (၁၉၉၆) --------------------------------------- ၄၂
ခြေနှစ်ချောင်း၏ အတ္တုပ္ပတ္တိ (၁၉၉၆) ---------------------------- ၄၃
နဂါးကျောပေါ်က နေလုံး (၂၀၀၀ မေ) -------------------------- ၄၄

# ဖြည့်ဆက်အညွှန်း

(၁)

လွတ်လပ်ရေးကြေညာပြီးနောက် ဗမာပြည်သမိုင်းကို ပြန်ကြည့်လိုက်ရင် **စစ်အာဏာရှင်အုပ်စိုးမှု** ခေတ်ကြီးဟာ ခါးသည်းဘွယ်အကောင်းဆုံး၊ အော့နှလုံးနာဘွယ်အကောင်းဆုံး၊ အရှည်လျားဆုံး ဖြစ်ပါတယ်။ မဆလ တပါတီအာဏာရှင်အုပ်စိုးမှု (၂၆) နှစ်တာနဲ့ ကနေ့အချိန်အထိ အဆုံးမသတ်နိုင်သေးတဲ့ နဝတ/နအဖ ထင်ရာစိုင်း စစ်အာဏာရှင်အုပ်စိုးမှု တလျှောက်လုံးဟာ တဆက်တစပ်တည်းဖြစ်သလို အနှစ်သာရအားဖြင့် တခုတည်းပဲ ဖြစ်ပါတယ်။ ဗမာပြည်တခုလုံးကို လောင်တိုက်သွင်းပစ်ခဲ့တဲ့၊ ဆက်လက်လောင်တိုက်သွင်းနေဆဲလဲဖြစ်တဲ့ 'စစ်အာဏာရှင်စနစ်' ဆိုတာကြီးပဲ ဖြစ်ပါတယ်။ မဆလ တပါတီစနစ် ဟာ စစ်အာဏာရှင်စနစ်ဖြစ်သလို နဝတ/နအဖ လက်တွေ့ကျင့်သုံးနေတာဟာလဲ **စစ်အာဏာရှင်** စနစ်ပဲ ဖြစ်ပါတယ်။ **စစ်အာဏာရှင်စနစ်ဆိုးကြီးအောက်မှာ** စစ်အာဏာရှင် အုပ်စိုးမှုကာလရှည်ကြီး တလျှောက်မှာ ဗမာပြည် ပြည်သူများဟာ တဖက်က ခါးကော့အောင် ခံခဲ့ကြရသလို၊ တဖက်ကလဲ အဆက်မပြတ် ပြန်လည်တွန်းလှန် အံတုတိုက်ပွဲ ဆင်ခဲ့ကြပါတယ်။ နေရာပေါင်းစုံ အလွှာပေါင်းစုံ မျက်နှာစာ ပေါင်းစုံကနေ ပုံသဏ္ဍာန်မျိုးစုံနဲ့ ပေါ်ထွန်းလာခဲ့ကြတဲ့ စစ်အာဏာရှင် စနစ်ဆန့်ကျင်ရေး တိုက်ပွဲကြီးငယ် ပေါင်းစုံတို့ရဲ့တိုက်ပွဲ ဒီလှိုင်းသံတွေဟာလဲ အဆက်မပြတ်ပါပဲ။ စာပေယဉ်ကျေးမှု စစ်မျက်နှာမှာ တက်ကြွတိုးတက်တဲ့ ကဗျာဆရာတွေဟာ ရှေ့တန်းအခန်းကပါဝင်ခဲ့ကြပါတယ်။

(၂)

လွတ်လပ်ရေးကြေညာပြီးစ ကနေ ၁၉၆၀ ပြည့်ကာလတဝိုက် အတွင်းမှာ တိုင်းချစ်ပြည်ချစ်ကဗျာ ဆရာများရဲ့ နယ်ချဲ့ဆန့်ကျင်ရေး ပဒေသရာဇ် ဆန့်ကျင်ရေး စစ်ဆန့်ကျင်ရေး ကဗျာတွေ ပဲ့တင် ဝေခဲ့ပါတယ်။

၁၉၆၀ ပြည့်ကျော်ကနေ ၁၉၇၀ ပြည့်ကျော်တဝိုက်မှာတော့ ခေတ်နဲ့မျက်ခြေမပြတ်တဲ့ ကဗျာဆရာများဟာ နယ်ချဲ့ဆန့်ကျင်ရေး ပဒေသရာဇ်ဆန့်ကျင်ရေး စစ်ဆန့်ကျင်ရေး တွေလောက် မကတော့ပဲ

စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး ကဗျာတွေကိုပါ ဖောင်းပေးဖော်ကျူး လာခဲ့ကြပါတယ်။ အဓိကပစ်ကွင်းဖြစ်တဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးဆီ ပိုမိုဦးတည် အာရုံပြုလာကြတဲ့သဘောလို့ဆိုချင်ပါတယ်။

အဲဒီ ၁၉၇၀ ပြည့်ကျော်ကာလမှာ၊ ဗိုလ်နေဝင်းစစ်အစိုးရရဲ့ ထန်ပြင်း လောင်မြိုက် ပူလောင်လွန်းလှတဲ့ စစ်အုပ်စိုးမှုအောက်မှာ၊ 'ဝါကျင့်ကျင့်နေ့ခင်းရှည်' ဆိုတဲ့ ကဗျာစာအုပ်တအုပ် ထွက်ပေါ်လာခဲ့ပါတယ်။ ဝါကျင့်ကျင့်နေ့ခင်းရှည်ထဲမှာ ကဗျာဆရာ 'အောင်ငြိမ်း' ကို ပီပီသသတွေ့လိုက်ရပါတယ်။ အခု ထောင်ထဲ ရောက်နေရှာတဲ့ ကဗျာဆရာမောင်အောင်ပွင့်၊ ကျော်ကျော်ခင်တို့နဲ့တွဲပြီး ကဗျာဆရာ အောင်ငြိမ်းကို မှတ်မှတ်ထင်ထင် တွေ့မြင်လိုက်ရတာပါ။ ကျနော်တို့ထက် ခေါင်းတလုံး ပိုမြင့်တဲ့ သူ့အဖြစ်သူ့ကို ခပ်လှမ်းလှမ်းကနေ အလေးထားကြည့်ခဲ့ရပါတယ်။

၁၉၇၀ ပြည့်ကျော်ကာလတဝိုက်ဟာ ပူလောင်ထန်ပြင်းလှတဲ့ ရာသီဥတုဆိုးကြီး အောက်မှာဖြစ်ပေမဲ့၊ တိုးတက်တဲ့ နိုးကြားတဲ့ ကဗျာဆရာ အသီးသီးရဲ့ အရောင်စုံ ရနံ့စုံ ကဗျာဖူး ကဗျာငုံ ကဗျာပွင့် အဖုံဖုံဟာ နေပြင်းဒဏ်ကို အံတုပြီး ပွင့်လန်းဖူးဝေ ဖြန့်ကျင်းခဲ့ကြဖူးပါတယ်။ လှတာလဲရှိ မလှတာလဲရှိ၊မွှေးတာလဲပါ မမွှေးတာလဲပါပေါ့။ မဂ္ဂဇင်းစာမျက်နှာတွေကို သဘောထားရှိရှိ စွန့်ခွာလာခဲ့ ကြသူတွေရော၊ လမ်းကြောင်းသစ်တခု ပေါ်ကနေ ကဗျာချစ်စိတ်ကြီးကြီးနဲ့ လွတ်လွတ်လပ်လပ်ကြဲပက် စိုက်ပျိုး ဖူးပွင့်လိုသူတွေပါ နည်းနာပေါင်းစုံ သဏ္ဍာန်ပေါင်းစုံနဲ့ ကဗျာစာအုပ်လေးတွေ ထုတ်လုပ်ဖြန့်ဖြူး တင်ဆက်ခဲ့ကြပါတယ်။ ဖယောင်းစက္ကူပေါ် ကညစ်တံရေး၊ လက်လုပ်ဒလိမ့်တုံးရိုက်၊ စာပေကင်ပေတိုင်ရုံး အလိုမရှိ ကဗျာစာအုပ်လေးတွေ တဝေဝေနဲ့ ထွက်ပေါ်ပျံ့နှံ့ ခဲ့ကြပါတယ်။ ရန်ကုန်၊ မန္တလေး၊ ပျဉ်းမနား၊ ပဲခူး၊ တောင်ကြီး၊ မြိတ်၊ မြင်းခြံ၊ ပုသိမ်၊ မော်လမြိုင်နဲ့ မြစ်ဝကျွန်းပေါ်အနှံ့ ဗမာပြည်အထက်အောက် ကဗျာဆရာတွေ စုစည်းအားကောင်းရာ ဒေသတိုင်း လောက်မှာ ကဗျာစာအုပ်လေးတွေ ထွက်ပေါ် လာခဲ့ပါတယ်။ ဒါးမြောင်နီ၊ ရိုးမရိပ်ခြေ၊ စက်တင်ဘာမီးတောက်၊ အောက်တိုဘာ လမ်းကြောင်း၊ အရှေ့လေ ... စတဲ့စတဲ့ စာအုပ်လေးတွေဟာ အဲဒီလိုနည်းနဲ့ ထွက်ပေါ်လာခဲ့တာတွေပေါ့။ အဲဒီကာလကို ကျောက်ပုံနှိပ်ကဗျာခေတ်လို့တောင် ဝိဂြိုဟ်ပြုမှတ်တမ်း တင်ရလိမ့်မယ် ထင်ပါတယ်။ လွယ်လွယ်ကူကူ ဖူးဝေပျံ့နှံ့ထွက်ပေါ် ခဲ့ရတာတော့မဟုတ်ပါ။ အချုပ်အနှောင် ထောင်တန်းတွေနဲ့ရင်းပြီး ထွက်ခဲ့ကြရတာ ဖြစ်ပါတယ်။ တကယ်လဲ အဖမ်းဆီးခံရ၊ ထောင်ချခံရသူ ကဗျာဆရာတွေ ပေါ်ခဲ့ပါတယ်။ အဲဒီဖယောင်းစက္ကူလိုမ့် ကျောက်ပုံနှိပ် ကဗျာခေတ်မှာ ကဗျာဆရာအောင်ငြိမ်းရဲ့

ရပ်တည်ချက်ရှိရှိ ပစ်ကွင်းသိသိ ကဗျာလေး တွေကို နယ်ပယ်အသီးသီးက ကဗျာစာအုပ်လေး တွေထဲမှာ၊ ဟိုမှာသည်မှာ ... အနှံ့တွေ့မြင်ရနိုင်ခဲ့ပါတယ်။ သူဟာ ဆရာ ဒဂုန်တာရာ ဦးဆောင်တဲ့ 'စာပေဆည်းဆာ' လှုပ်ရှားမှုထဲမှာလဲ ပါဝင်ခဲ့သူဖြစ်ပါတယ်။ 'နွေဦးသစ်မှာ ပေါ်တဲ့ပွင့်သစ်' 'မိုးရိပ်လေရိပ်' 'မတ်လအရိပ်' 'တောင်ညိုခင်တန်း ကဗျာလမ်း' စတဲ့ ကဗျာဆရာ ကြီး/ငယ် များအပါ ကျောက်ပုံနှိပ်ခေတ်ဦး စုပေါင်းကဗျာစာအုပ်များမှာလဲ တွေ့မြင်ခဲ့ရပါတယ်။

'ကျောက်ပုံနှိပ်ကဗျာ' ရဲ့ကာလကို ၁၉၇၀ မှ ၁၉၇၄ လို့ ယေဘုယျ သတ်မှတ်နိုင်ပါတယ်။ ပုဂ္ဂလိက မဂ္ဂဇင်းဂျာနယ်အများအပြားကို တင်းကျပ်တဲ့ စာပေစိစစ်ရေးဓားနဲ့ လှီးဖြတ်ပိတ်ပင်လိုက်တဲ့ ၁၉၇၀ မှ အလုပ်သမား အရေးအခင်း၊ ဦးသန့်အရေးအခင်းတွေ ပေါ်ထွက်လာတဲ့ ၁၉၇၄ အထိ ဖြစ်ပါတယ်။ ဒီကာလများမှာ ထူးခြားချက်တွေရှိပါတယ်။ ပြည်တွင်းမှာ မဆလ တပါတီအာဏာရှင်စနစ်ကို တရားဝင်အောင်လုပ်ခဲ့တဲ့ မဆလ တပါတီဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ အသက်သွင်းနေတဲ့ကာလ၊ ကိုကိုးကျွန်းဖျက်သိမ်းပြီး ကျွန်းနဲ့ထောင်မှ နိုင်ငံရေးအကျဉ်းသားများ ပြန်လွတ်လာတဲ့ကာလ၊ ဗီယက်နမ် စစ်ပွဲပြီးဆုံးကာနီး စစ်ရှိန်ပြင်းနေတဲ့ကာလများလဲ ဖြစ်ပါတယ်။ ဒါတင်မက ဗမာပြည်အရှေ့မြောက်ပိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ တိုက်ပွဲသေနတ်သံတွေ ဟိန်းညံပြီး ပဲခူးရိုးမမှာ ထိုးစစ်တွေ ပင်းထန်နေတဲ့ကာလလဲဖြစ်ပါတယ်။

ကို 'အောင်ငြိမ်း'ဟာ သူ့ကိုယ်သူ ကဗျာဆရာစစ်စစ်လို့ ခံယူထားဟန်မတူပေမဲ့၊ ကဗျာနှလုံးသားရှိတဲ့ သူ့ရဲ့ကဗျာလေးတွေဟာ ကဗျာပီပီ ကဗျာတောမှာ ဖူးပွင့်ဝေဆာနေခဲ့တာတော့ နဲနဲနောနော မဟုတ်ပါ။ သူဖြတ်သန်းကျော်လွှားနေရာ ဘဝတလျှောက်၊ ကာလ ဒေသ တလျှောက်မှာလဲ အခါအား လျော်စွာ သူ့ရဲ့ကဗျာတွေဟာ ဖူးလာငုံလာပွင့်လာနေတတ်ခဲ့ပါတယ်။ တခါတရံ ကာလအများကြီးကြာမှ တငုံစ တဖူးစ ထိုးထွက်နိုးသစ်ဖူးပွင့်လာတတ်တာရှိပေမဲ့၊ ကဗျာနှလုံးသားအပြည့်နဲ့ သူ့ဘဝမှာ ဘယ်တုန်းကမှ 'ကဗျာမြို့' 'ကဗျာသေ' ကာလ မရှိခဲ့တာတော့ အမှန်ပါ။

(၃)

ကဗျာတွေဖွဲ့သီရင်း ကလောင်တလက်ကို ကိုင်ခဲ့တဲ့ကို 'အောင်ငြိမ်း' ဟာ စစ်အာဏာရှင်စနစ်ကို တဆင့်တက်ပြီး တိုက်ပွဲဆင်နိုင်ဘို့အတွက် ၁၉၈၀ ပြည့်နှစ်

အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်နဲ့ ထောင်ကလွတ်လာပြီး မကြာခင်မှာပဲ သေနတ်ကိုကိုင်ပြီး လက်နက်ကိုင်တော်လှန်ရေးသမားတယောက် ဖြစ်သွားခဲ့ပါတယ်။ သူဟာ မြို့ပေါ်မှာ တိုးတက်တဲ့ကဗျာဆရာတယောက် ဖြစ်ခဲ့သလို၊ နရသိန်တွင်း သံတိုင်ကြားရောက် နိုင်ငံရေးသမားတဦးလဲ ဖြစ်ခဲ့ပါတယ်။ ရိုးမရဲ့ မုန်တိုင်းသံတော်လဲသံတွေနဲ့ ဆက်စပ်သူ ဖြစ်ခဲ့သလို၊ အရှေ့မြောက်တခွင်က လျှိုမြောင်ချောက်ကမ်းတောင်တောအထပ်ထပ်နဲ့လဲ ကျွမ်းဝင်ကျင်လည်ခဲ့သူဖြစ်ပါတယ်။ ရိုးမ၊ မြရာတော ဝါးရုံရိပ်များကနေ ဝတောင် သံလွင်ရေစီး ရွှေလီကမ်းစပ်နဲ့ မောမြေတခွင်အထိ လှည့်လည်ရှင်သန် လှုပ်ရှားခဲ့သူဖြစ်ပါတယ်။ နယ်စပ်တလျှောက် ခြေရာချင်းထပ်သွားလာကျက်စာ ရှန်းကန်နိုးသစ်နေဆဲလဲ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ကဗျာများပေါ်မှာ သူ့ဘဝရဲ့ အရိပ်တွေဝေ့ဝဲရိုက်ခတ်စွန်းထင်နေပါတယ်။

ကို 'အောင်ငြိမ်း' ရင်ထဲကနေ ကဗျာတွေ တော်တော်များများ စီးကျဖွင့်အန်ထိုးထွက်လာခဲ့ပါတယ်။ မတူခြားနားတဲ့ ကာလအလျောက် ဖွဲ့သီပေါ်ထွက်ခဲ့တဲ့ ကဗျာတွေအားလုံးကို့ စုစည်းစည်းသာ ခင်းကျင်းပြသခွင့်ရမယ်ဆိုရင် နဲ့တော့မှာမဟုတ်။ ဒါပေမဲ့ ... လက်တွေ့ဖြတ်သန်းကျော်လွှားနေခဲ့ရတဲ့သူ့ဘဝက သူ့ကဗျာတွေအားလုံးကို စုစုဆောင်းဆောင်း မှတ်မှတ်သားသား သိမ်းသိမ်းချုပ်ချုပ်ကလေးတောင် လုပ်နိုင်ခွင့်ပေးခဲ့တာမဟုတ်။ လွယ်လွယ်ကူကူ စုစည်းရမိသမျှ ကဗျာလေးတချို့နဲ့ပဲ ကဗျာဆရာရဲ့ ရင်ဦးပွဲတင်သံကို နားဆင်ခံစားကြည့်ကြပါတော့။ ဘာပဲဖြစ်ဖြစ် အရေအတွက်အားဖြင့် သိပ်မများလှတဲ့ ဒီကဗျာလေးတွေထဲကနေပြီးကိုပဲ ကဗျာဆရာရဲ့ ရုပ်ပုံမှန်ကို ပီပီသသမြင်ကြရလိမ့်မယ် ဆိုတာကိုတော့ ကျနော်ရဲရဲဝံ့ဝံ့ ပြောရပါတယ်။

'မြစိမ်းတောင်ကြော နဂါးငွေ့တော' ထဲက ကဗျာဆရာရဲ့ ရင်ခုန်သံကို ကြည်ကြည် လင်လင်ကြားနာမိကြရင်း နွေးနွေးမြမြခံစားရင်ခုန် နိုင်ကြလိမ့်မယ်ဆိုတာကိုလဲ ကျနော်ယုံကြည်မိပါတယ်။

ဝင်းတင့်ထွန်း

၂၈–၁–၂၀၀၄

# အာဇာနည်တမ်းချင်းတပုဒ်

ရဲဘော်ရဲ့
ညှို့ဦးယံဟာ ... ဈာပန အခမ်းအနား
ရင့်ရော်အိုမင်းစွာ ... ထက်ဖျားဝေယံ
အမှောင်ထုခြုံလွှာ ချလိုက်တယ်။ ... လွင့်ပျံ့တေးချင်း
ရင်တွင်းဖွင့်ဆို
သော့တံခါး အထပ်ထပ် ... ထုတ်ဖော်လိုသော်လဲ
ပိတ်ခတ်လှောင်သွင်း ... အင်တာနေရှင်နယ်
အကျဉ်းတိုက်ခန်းတခု ... ပစ္စည်းမဲ့တေးတပုဒ်သာ
ရဲဘော်တစုဟာ ... တိုးတိတ်ညင်သာစွာ ဆိုနိုင်ခဲ့တယ်။
ဝမ်းနည်းကြေကွဲခြင်း
နှမြောတသခြင်း ... ရဲဘော်ရဲ့
နာကြည်းခံပြင်းခြင်း ... ဈာပနအခမ်းအနား
ဖော်ပြခြင်းများစွာ ... ပြည်သူများနဲ့အတူ
ရင်မှာပွင့်အန်ကျ ... ဝင့်ဝှေ့ဝဲပျံ့
ကျဆုံးသွားလေသူ ... တူတံဇဉ် အောင်လံနီအောက်
ရဲဘော် ... သို့ ... ရုံးချီနွှေးထွေး
ဦးညွှတ်ဂုဏ်ယူ ... အလေးပြုလိုသေးလဲ။
အလေးနိုပြုကြတယ်။ ... ရဲဘော်ရဲ့ရုပ်ကလာပ်
မတ်တတ်တခဏ
ရဲဘော်ရဲ့ ... နို့ကြည့်ခွင့်မရခဲ့ဘူး။
ဈာပနအခမ်းအနား
စွင့်ကားဝင့်ရီ ... ရဲဘော်
နှင်းဆီနီများ ... သင်ဟာ
ချထားထုံသင်း ... အစဉ်ပြုံးရယ်နေတတ်သူ
ရင်တွင်းမှာပဲ ... အေးဆေးတည်ငြိမ်မှုရှိသူ
တတ်နိုင်ခဲ့တယ်။ ... ရိုးသားနိမ့်ချတတ်သူ

သင်ဟာ
စည်းရုံးရေးသမားကောင်းတယောက်
ကေဒါကောင်းတယောက်
ပြည်သူ့သားကောင်းတယောက်။

သင့်ရုပ်ပုံလွှာ
ကြည်လင်တောက်ပစွာ
ငါတို့ရင်ထဲ
အစဉ်စွဲမြဲနေမှာပဲ။

သင်ဟာ
ဖိနှိပ်တာမခံ
သွေးစုပ်တာမခံ
တော်လှန်ရဲသူ
ရဲသုံးရဲစိတ်ဓာတ်
ဆွဲကိုင်ရပ်တည်
အာဇာနည်ပီသသူ
ဖက်ဆစ်နေဝင်း
စစ်အကျဉ်းခန်းထဲ
ဒူးမထောက် အောက်မကျို့
လေ့ခွက်ချည်းကျန် အလံမလှဲသူ။

သင့်ရဲ့
တိုတောင်းတဲ့ လူငယ်ဘဝ
နယ်ချဲ့အလုပ်တရား
လုပ်ရှားထကြွ တိုက်ပွဲဆင်
ပုန်ကန်မှု ဖြစ်စဉ်များဟာ
ကာလအဲသချို
ရှည်လျားလှပါတယ်။

သင့်စီဉာဉ်ဟာ
လူးလွန့်လှုပ်ရှား
ငါတို့နှလုံးသားထဲ
မီးခဲတစ
စူးရှနာကျင်
အားအင်များအဖြစ်
အစဉ်သစ်လွင်နေလိမ့်မယ်။

ညဟာ
တစတစ
မှောင်အတိကျလာပေမယ့်
ဒေါသနဲ့ ဝမ်းနည်းခြင်းက
ငါတို့ရဲ့
အိပ်စက်ခြင်းကို
ထွေးယှက်မထူ
အနိုင်ယူသွားခဲ့တယ်။ ။

# မချိုမြိန်တဲ့ ဒိန်ခဲ

ကုန်ဆုံးသွားတဲ့
ရက်တွေနေ့တွေဟာ
ခုချိန်မှာ
နှမျောစရာပါပဲ။

ငါ့အသက်အရွယ်
သုံးဆယ်ကျော်ကာလ
ဘဝရဲ့တဝက်
သစ်ရွက်တရွက်ကြွေကျသလို
တိုတောင်းလှချည့်ရဲ့။

ငါဟာ
ကျောင်းတက်စာသင်
ရုပ်ရှင်ကြည့်
စကားပြော
ကဗျာစပ်
ထမင်းစား
အတော်တော်များများလုပ်ဘူးတယ်။

ငါဟာ
ငိုဖူး ရယ်ဘူး
ပြုံးဖူး မဲ့ဖူး
အချစ်ရူးရူး
အရက်မူးမူး
ဖြစ်ခဲ့ဘူးတယ်။

ငါ့မှာ
အိုးမရှိ အိမ်မရှိ
ဘဝမရှိ ဓနမရှိ
ချစ်သူလည်းမရှိတဲ့
မြို့သားတယောက်
ဖြစ်ခဲ့ဘူးတယ်။ ။

ငါဟာ
ခရစ်စတိုဖါကိုလန်ဘတ် လို
ရွက်လွှင့်သင်္ဘောတစင်းနဲ့
ကမ္ဘာသစ်ကို ရှာလိုသူလည်း
ဖြစ်ခဲ့ဘူးတယ်။

ဒါပေမဲ့ ငါဟာ
လူမိုက်တယောက်
မဟုတ်ခဲ့လို့
နောင်တ ဆိုတာမလိုချင်။

**ငါ့ရဲ့အတ္တ**
**အတိတ် ဝေဒနာ**
**ပြန်မြင်ရတာ**
**ခုခါ**
**လွှမ်းချင်ပါရဲ့။**

ယခင်က
ငါစားခဲ့တဲ့
ဒိန်ခဲ
ဘာကြောင့် မချို မြိန်ရသလဲ။

ကုန်ဆုံးသွားတဲ့
ရက်တွေနေ့တွေဟာ
ခုချိန်မှာ
နှမျောစရာပါပဲ။ ။

၁၉၈၂

ငါဟာ
ခရစ်စတိုဖါကိုလန်ဘတ် လို
ရှက်လှင့်သင်္ဘောတစင်းနဲ့
ကမ္ဘာသစ်ကို ရှာလိုသူလည်း
ဖြစ်ခဲ့ဘူးတယ်။

ဒါပေမဲ့ ငါဟာ
လူမိုက်တယောက်
မဟုတ်ခဲ့လို့
နောင်တ ဆိုတာမလိုချင်။

ငါ့ရဲ့အတ္တ
အတိတ် ဝေဒနာ
ပြန်မြင်ရတာ
ခုခါ
လွမ်းချင်ပါရဲ့။

ယခင်က
ငါစားခဲ့တဲ့
ဒိန်ခဲ
ဘာကြောင့် မချို မြိန်ရသလဲ။

ကုန်ဆုံးသွားတဲ့
ရက်တွေနေ့တွေဟာ
ခုချိန်မှာ
နှမျောစရာပါပဲ။ ။

၁၉၈၂

# နောင်ခေါ်ရွာ နှစ်ဆန်းတရက်

ရွှေလီကမ်းနဘေး
ရွာကလေး။
ဇန္နဝါရီ
ခပ်လှမ်းလှမ်းမှ
နှင်းရည်စိုမြ
ယမ်းခိုးထတဲ့
လှပတဲ့နံနက်ခင်း
ရှမ်းရိုးမတောင်စွယ်
လယ်ကွင်းရိုးပြတ်
မှိုင်းပြငြိမ်သက်
ဝေ့ပတ်ဝိုက်ပြေး
လဲလျောင်းလျက်နေ
သဲချောင်းကလေး
တခွေတကောင်အလား
စိမ့်အေးရေကြည်
ခြောက်ခြားဖွယ်။
လှုပ်လဲ့လှုပ်လီ။

သစ်စ ဝါးစ
ဆောင်းနှင်းပွင့်ဖြူ
ကောက်ရိုးစ သစ်ရွက်စ
ချော့မြူကစား
အမှိုက်စအဆုံး
ငွေသားစွတ်စို
ဟုန်းဟုန်းထနေတဲ့
တွဲခိုကိုင်းဖျား
မီးဖိုနဘေး
ဖါးလျားကျ ဝါးရုံပင်
ရေနွေးကြမ်းဝိုင်း
တစိမ်းပြင်ပြင်မဖြစ်
နွေးနွေးထွေးထွေး
သစ်လွင်လန်းဆန်း
ဆွေးနွေးပြောဆို
နှင်းဖြန်းမြေပြင်
ခေါ်ပုတ်မီးကင်
လျှောက်စမ်းချင်။
စားမဝချင်။

ကန်သင်းရိုးပေါ်
ဇန္နဝါရီ
ဖြတ်ကျော်လျှောက်သွား
ဝေလီဝေလင်း
ကောက်နံ့စပါး
ဆောင်းနှင်း တမနက်
ပုံထားသလင်းမြေ
ကြက်သံ ငှက်သံ
ဝါရွှေဖိတ်ဖိတ်
တေးသံချိုသီ
တိတ်ဆိတ်အေးချမ်း
ကြည်လင်တဲ့နှလုံးသား
ကြည့်စမ်းပါလေ
အားပါးတရပွေ့ဖက်
မောတို့မြေ
နှစ်ဆန်းတရက်။ ။

## နှင်းငွေ့ဝေဝေ

ဆုံးစမထင်
လောကဓါတ်တခွင်
မြစိမ်းရောင်လွှင်ပြင်
ကောင်းကင်ပြာအောက်
ရင်ဖွင့်ပြီး
အသက်ရှူလိုတဲ့ဆန္ဒ
ပြင်းပြလှရဲ့။

ရှမ်းရိုးမရဲ့
တောစိမ်းတောင်စိမ်း
ဖက်စိမ်းရှက်စိမ်း
စိမ်းညို့သာမော
စိမ့်မြိုင်ကြောမှာ
တောနေတောင်တန်းသား
ဆွေမျိုးသားချင်း
မောင်ရင်းနှမ
ခါးသည်းဖွယ်ဘဝ
အေးမြတဲ့ညှင်းလေပြေ
နှင်းငွေ့ဝေဝေ။ ။

အ ကာလ
မှောင်ကျပြီဆိုရင်
လူခြေတိတ်ဆိတ်
အိပ်လည်းမရ
ခွေးတွေက ဟောင်
ထရံကြားချောင်းကြည့်
ချောင်းသံအဟွတ်
တွတ်မထိုးရဲ
ပေါ်တာဆွဲမလား
လူသတ်မလား
'မျက်ရည်စ'ကြား
နေရစိုးတိတ်
သိတ်အားငယ်တယ်။
အခွန်ငွေငါးကျပ်
မဆောင်တတ်လို့
ကြိုးတုတ်ရိုက်နှက်
ထိပ်ဟက်တက်ကွဲ
ဆဲဆိုကန်ကြောက်
ပြားပြားမှောက်ခဲ့။
အားပြတ်မူးဝေ
ဖျားနေတဲ့တနေ့
ဆေးထိုးပေးမယ်
လိမ်လည်ပြောကြား
စစ်ကြေးစားက
မဟားဒယားကျင့်ကြံ
ရုန်းကန်အော်ဟစ်
ရေတိမ်နစ်ခဲ့။

အေးမြတဲ့ဆောင်းလလယ်
လဲလှယ်စရာ အဝတ်အစား
ဘယ်ကများရပါလိမ့်
လုံချည်စုတ်တထည်နဲ့
သားသည်အမိအဖ
မျှမျှတတခြုံခဲ့ရ။
စပါးတဆုပ်
ဆန်တလုပ်မျှ
စားရဘို့အရေး
ပြေးလွှားတောင်းပန်
အသနားခံ ခယ
ဒုက္ခပင်လယ်ဝေ
မြေမရှိ ငွေမရှိ
ရှိတဲ့ ခါးမတိုတချောင်း
ရောင်းခဲ့ရပါကြောင်း။
ပဒေသရာဇ်လှောင်အိမ်
အမှောင်အထပ်ထပ်
ရစ်ပတ်နှောင်တဲ့
ကျွဲပခုန်းထ
ရိုးမ တောင်ထွတ်များပေါ်မှာ
ပြာဝေလေညှင်း
နှင်းငွေ့တွေဝေလို့။ ။

( ရှာပုန်းများကိုခံစားခြင်း ၁၉၈၃ )

# ကျည်ဆံနှစ်တောင့်

ကျည်ဆံတတောင့်
ဖေါက်ထွက်ရန်းကန်
သင့်ထံ လွင့်ပျံလာနေပြီ။

အရှေ့လား အနောက်လား
အထက်လား အောက်လား
ဝဲလား ယာလား
ခွဲခြားမရ
မရဏ ကျည်ဆံ
သေမင်းတမန်။

ဒီကျည်ဆံဟာ
ဖိနှိပ်သူ သွေးစုတ်သူ
စစ်ကိုဖန်တီးသူ
မင်းမူစိုးမိုး
စစ်အစိုးရရဲ့
နှလုံးသွေးကိုဖေါက်ဘို့ဘဲ။

ဒီကျည်ဆံဟာ
ခံစားချက်နဲ့ယုံကြည်ချက်
အသက်နဲ့ဘဝ
အလှနဲ့အမုန်း
အပြုံးနဲ့ပူဆွေးမှု
သွေးနဲ့မျက်ရည်
ချော်ရည်နဲ့မီးတောက်
ရုန်းကြွပေါက်ကွဲ
ပြည်သူ့ရင်ထဲကလာတာဘဲ။

ဒီကျည်ဆံရှေ့
သင်ရပ်နေသ၍
စစ်အုပ်စုရှေ့
သင်ရှိနေသ၍
ဒေါမန်ပြင်းထန်
ဒီကျည်ဆံဟာ
ဓါးစာခံတယောက်ရဲ့
သွေးညှီတပေါက်
မသောက်ချင်ဘဲ သောက်ရမယ်။

သင့်လက်ထဲက
ဂျီသရီး ကာဘိုင်
ရိုင်ဖယ်ကျည်ဆံ
ဝေယံကိုဖေါက်နှင်းကိုဖေါက်
မိုးပေါက်မိုးစက်
ဖြတ်ကျော်လျှက်ကွယ်
ဘယ်ဆီကိုများသွားပါ့မယ်။

ဆင်းရဲခြင်းဝေဒနာ
ဒဏ်ရာရ နောင်တ
သောကရဲ့ထွက်ပေါက်
ခြောက်ခြားပွင့်အန်
သင့်ကျည်ဆံဟာ
ငွေနဲ့အာဏာ
စည်းစိမ်ရမက်
သင့်အသက်ကို စေစားသူ
အဆီယစ်မူး စစ်ရူးတစုထံ
သွားပါတော့လား သွားပါလား။ ။

# မလှပသော နောင်တ

သင့်ရဲ့
မလှပတဲ့
နောင်တတရား
ဘာများကောတတ်နိုင်ဦးမှာလဲ။

ရွှေစငွေစ
စိန်စဖိတ်လက်
ပါလစ်ဆေးသား
ဖန်သားခန်းဆောင်
ရောင်စုံခြယ်သ
ပိုးစလှုပ်ခတ်
လျှပ်စစ်ပန်ကာ
ဆိုဖာမှီအုံး
ရှင်ပြုံးမိန်းမူး
စစ်ရှူးတစု ... လေ
သေရည်ခွက်တိုက်
ယဇ်တကြိုက်မော့
စစ်တိုက်တော့မယ်။

ထိုးစစ်တဲ့လေ
အဆီယစ်မူး
စစ်ရှူးတစုက
မနေ့က ဒဏ်ရာ
ဖုတ်ခါ မန်းမှုတ်
ကြပ်ထုပ်ထိုးရင်း
မိုက်ဇာတ်သွင်းပေးလိုက်တဲ့

သင်ဟာ
နှင်းမြူကွဲစ
လှပတဲ့ တနံနက်ခင်း
စစ်သလင်းအဖြစ်
ဇွတ်အတင်း အဓမ္မ
ဖန်ဆင်းခဲ့စဉ်က
ဘာများစဉ်းစားခဲ့လေမလဲ။

မယားနဲ့သား
ရည်းစားနဲ့မိခင်
သင့်ကိုချစ်ခင်သူတွေ
သောကနဲ့မျက်ရည်
အနာဂတ်မဲ့နေတဲ့ဘဝ
သင်
စဉ်းစားမိရဲ့လား။

တစပြင်အဖြစ်
ကျန်ရစ်ခဲ့တဲ့ရွာ
လယ်ယာသီးနှံ
ကျောင်းကန်အိမ်ယာ
စွန့်ခွာထွက်ပြေး
ကလေးကော ခွေးကော
ဘိုးဘွားမိဘ
တရားမရှိ ဓားမရှိ
စပါးမရှိ ဝမ်းမပြည့်
ဖိနှိပ်မှု စနစ်ဆိုးအောက်မှာ
သင်ကော
ဘာထူးလို့လဲ။

တရားသောစစ်
မျိုးချစ်စစ်ပွဲတဲ့
မှောင်မဲလို့နေ
ကြက်တွေဝက်တွေ
လုယက်လို့စား
ပေါ်တာဆွဲမလား
လူသတ်မလား
မှိုင်းတိုက်ခံ အသိတရား
သင်
စဉ်းစားမိရဲ့လား။

သင့်ရင်ညွန့်ထက်
ခဲပူတတောင့်
ဖောက်ထွက်ထိမှန်
ဒဏ်ရာနဲ့ ထိခဏ
သင့်ဘဝအလှတရား
ခါးသည်းလှပါကလားကွယ်။

စစ်ဘုရင်များအတွက်
ယဇ်တင်ထားတဲ့
သင့်အသက်ခန္ဓာကို
တေးချင်းဖွဲ့ဆို
ငှက်အိုလင်းတ တကောင်က
နမြောတသ
အမျှပေးဝေ ပါလိမ့်မယ်။

စစ်ရဲ့ဒဏ်ရာ
သင့်အတွက် အဖန်တရာ
သံသရာ ငရဲခန်း
အဆိပ်ပန်း အဆိပ်သင့်
ကျိန်စာသင့် အသွေးအသား
ပြည်တွင်းစစ် ယဇ်ပလ္လင်ထက်
စစ်ရှူးတစု
ပျော်မြူးမြိုဝါး
သောက်စားဟစ်ကြွေး
ကောင်းချီးပေးကြပေလိမ့်မယ်။

သင့်ရဲ့
ယိုင်နဲ့နဲ့ခြေနှစ်ချောင်းကို
ရှေ့ကိုတလှမ်း
အားယူလို့ လှမ်းလိုက်ရင်ပဲ
မွန်းကျပ်ပိတ်လှောင်
အမှောင်၏နိဂုံး
နှင်းမဖုံး မြူမဖုံး
မိုက်ဇာတ်တုံး ကြေးစားတယောက်ရဲ့
ကျဆုံးခန်း
လွမ်းချင်စရာတော့ကောင်းရဲ့
သင့်ရဲ့
မလှပတဲ့
နောင်တတရား
ဘာများကော တတ်နိုင်ဦးမှာလဲ။ ။

# နွေ

တပေါင်း **ရရာ တုစ်ဓား**
ရော်ရွက်ဝါရွှေ ဆွဲကိုင်ထား
တစစီကြွေကျ တားမရတဲ့ဒီရေ
ဘဝပန်းချီဝေအောလှ နွေ
ညအနီနွေအစ ဗမာတပြည်လုံး
ထကြွတော်လှန် မီးဟုန်းဟုန်းထပြီ ... နွေ
ပုန်ကန်ခဲ့ကြပြီ ... နွေ

မိုးသက်ကြွေလွှင့်
**ပွပြင်းတဲ့နွေ** **စိန်တပွင့်ကို**
**လောင်ကျွမ်းတဲ့နွေ** **မှန်ဝိုင်းထန်ပြင်း**
ပေါက်ကွဲတဲ့နွေ ပန်းတခြင်းကို
နွေ လွှမ်းချင်းဖွဲ့ဆို
နွေဝိညာဉ်တွေ နွေကြို ဥသြ
မတ်လ ၂၈ ဆွတ်မောပြန့်လှိုင်
ဒီရေမြင့်သစ် မြိုင်ကန္တာရ
တော်လှန်ရေးစပြီ ... နွေ **မတ်လ တရွေ့** ... နွေ

**မီးကျိုးမောင်းပျက်** မဈောင်းသေးတဲ့အတိတ်
ဒူးလေးလက်နက် တပေါင်းသွေးအရိပ်ထင်
အိုးစွန့်အိမ်ခွာ ရှင်သန်လှုပ်ရှား
စုကာရုံးကာ ပန်းများပွင့်ဝေ ... နွေ။ ။

# တုံ့ပြန်မေတ္တာ

မလုပ်ချင်
လုပ်ချင်သူ သူလုပ်တော့
ကိုယ်လိုက်လုပ်တယ်ခင်။

မစားလို
စားလိုသူ သူစားတော့
ကိုယ်လည်း စားကာပင်။

မသွားလို
သွားလိုသူ သူသွားတော့
ကိုယ်လည်း လိုက်မယ်ပြင်။

ဆန္ဒမပါတဲ့
အရာတွေကို
အချစ်တခုထဲအတွက်
ငါ
လုပ်ခဲ့တာပါပဲ။
လုပ်ချင်တာကို
မလုပ်နိုင်ခင်
ထားပါဦး
စားချင်တာကို
မကြိုက်သေးရင်
မစားပါနဲ့

သွားလိုတဲ့ဆီ
မလိုက်လိုရင်
နေခဲ့ပေါ့။

စက်ရုပ်ဆန်ဆန်
လှုပ်ရှားရတာ
ငြီးငွေ့စရာပါပဲ။

အချစ်သစ်ပင်လေး
ပေါက်တဲ့နေရာဟာ
စိမ်းလန်းစိုပြေမြဲ။

အချစ်လှေကလေး
မျှောလေရာမှာ
ပဲ့ကိုင်ဘယ်သူလဲ။

ဒါကို
နားလည်တာကပဲ
မင်းအချစ်ဟာ သန့်ရှင်းတယ်။ ။

# ပန်းနဲ့ ခရီးသည်

တောပန်းကလေး
မမောတမ်းမွှေး
လေနုအေးရယ် ချိုမြတယ်။

မဆုံးသေးခရီး
နှလုံးအေးပြီး
အပြုံးလေးစီးကာ ချီတက်မယ်။

တောခရီးကြမ်း
ပန်းနဲ့ ခရီးသည်
ဘယ်ဆီဘယ်ကမ်း
ခက်ချင်ခက်စမ်း
လှမ်းနိုင်မှာပဲ။

အမြဲစိမ်းလန်း
ပန်းနဲ့ခရီးသည်
ဘယ်သောင်ဘယ်ကမ်း
ဆိုက်ချင်ဆိုက်စမ်း
လှမ်းနိုင်အားတယ်။

ပန်းကလေးတပွင့်
အလှမ်းဝေးလို့
လမ်းနဘေးအမြင့်မှာ ပွင့်နေတယ်။

ခရီးသွားတယောက်
အနီးအပါးတခေါက်
ခရီးနားတထောက်မှာ ဆွတ်ခြူတယ်။

ပန်းကလေး မညှိုးအောင်
အနမ်းကလေးပျိုးထောင်
နှလုံးသားထဲမှာ စိုက်ထားတယ်
ပန်းနဲ့ခရီးသည်ရယ် ။ ။

# ရဲလေးဖေါ်

လခထုတ်ရက်တရက်မှာ
ငါ့အိပ်ကပ်ထဲ
ငွေမွဲတရာကျော်
ပါလာတယ်
အဲဒီနေ့က
ငါ့ရုံးဝမှာ
နံနက်စာမစားရသေးတဲ့
ဧည့်သည်သုံးယောက်
အရက်သောက်တို့
စောင့်နေတယ်။

တယောက်က
ခံစားမှုကို ကာရံဖွဲ့စီ
ပန်းကုံးသီတဲ့
ကဗျာဆရာဖြစ်ပါတယ်။

တယောက်က
ရေတပ်သားအို
ပြုံးချိုမျက်ခွက်
တဝက်တပျက်ပဲရယ်တတ်တယ်။

တယောက်က
အပေါစား 'တွမ်' သမား
ငှါးဝတ်ထားတဲ့
တိုက်ပုံအကျီ
ချီးတက် အရောင်မပေါ်
နံစော်စော်ကို ဝတ်ထားတယ်။

ကဗျာဆရာ
ရေတပ်သားအို
'တွမ်'သမား
ငါ
အရက်တော်တော် သောက်ကြတယ်
အရှက်တော်တော် ပျောက်ကြတယ်။

အဲဒီညက
ငါတို့လေးယောက်
ငုတ်တုတ်ထိုင်လို့
မီးတိုင်လေးနဲ့သောက်ကြတယ်။

အရက်ပိုင်းမှာ
ထွေရာလေးပါး
ကဗျာစကား စာစကား
ဟာသစကား ငွေစကား
ဘဝစကား အလကား
ရယ်လား မောလားမြိုင်ကြတယ်။

ငါတို့လေးယောက်
အရက်သောက်လျှက်
တယောက်လည်တယောက်ဖက်
နပ်တွေထွက်အောင်ငိုကြတယ်။

ငါ့အိပ်ထဲက
ငွေမွဲတရာကျော်
အဆိပ်သင့်လို့ ကုန်ပြီနော်
ငါပျော်တယ်၊
ဒယီး ဒယိုင်
ခြေခိုင်ခိုင်နဲ့
ငါ့အိမ်အရောက်ပြန်နိုင်တယ်။

ခုနေခါ
ပြန်လည်တွက်စစ်
'၁၅' နှစ်ကြာ
ငါမသေသေး
ငါ့ရဲသုံးဖော်
အရက်တော်တော်သောက်တုန်းလား
အရှက်တော်တော်ပျောက်တုန်းလား။ ။

၁၉၈၅

# အချစ်စံတော်ချိန်

ဝေးပေမဲ့လည်း　　လိပ်ပြာတစ္ဆေ
နီးနေသေးတယ်　　အတောင်လှူပ်ခတ်
　　တဖြတ်ဖြတ်နဲ့
မခွဲသော်လည်း　　ဩော်...တလှပ်လှပ်ရင်ခုန်ရဲ့
ကွဲကွာသွားပြီ
　　လွမ်းတတ်ချစ်တတ်
သွားသော်ငြားလည်း　　ကြင်နာတတ်သူတို့
မရွေ့ခဲ့ဘူး　　အတ္တနှစ်ခုအကြား
　　မာနဆိုတာ ဘာလဲဟင်
စွန့်ခဲ့ပေမဲ့
တန်ဘိုးရှိဆဲ　　အရာရာနောက်မကျလိုပေမဲ့
　　အခါခါနောက်ကျနေ
လွမ်းဘွယ်
ဆွေးမြေ့စရာ　　အချစ်ဆိုတာ
အတိတ်ရဲ့ရုပ်ပုံလွှာ　　ရင့်အိုပါသလား ။　　။

## ငှက်ဖျား

စင်တီဂရိတ်လေးဆယ်
ကန့်ရလိုပူတယ်
ရင်ထဲ
ချမ်းစိမ့်ခိုက်တုန်
ကျောက်စက်စမ်းပေါက်
တတောက်တောက်နဲ့
သွေးခုန်တိုးသံ ဦးနှောက်ထိမှန်
ခန္ဓာကိုယ်ထဲ ကိုက်ခဲနာကျင်
အပြင်ပူ အတွင်းအေး
မေးခိုက်တုန်ခါ အဲဒါ
ငှက်ဖျားပါပဲ။

တောကြိုတောင်ကြား
လျှိုဖျားချောင်းဖျားလှုပ်ရှား
တော်လှန်ရေးသမား
ငှက်ဖျားနဲ့နှစ်ပါးသွားလျှက်ပေ့ါ။

ကွီနိုင်ဆေးခါး ငှက်ဖျားခုခံ
သွေးပြန်ကြော သွေးလွှတ်ကြော
စီးမြော ရေအလျှင်
'ဂလူးကိုးစ်' အိပ် အဆိပ်ကိုတား
ဗီတာမင်များ
အားဖြည့်စားဘို့လိုပါတယ်။

သွေးနီဥများ 'မလေးရီးယား'
ငှက်ဖျားဝါးမြို
အားပြတ်ဝေမူး မိုးဦးရန်
သင်းပြန့်စွတ်စို လိုက်ဖိုန္ဓမ်းလျှ
အသက်ရှုလို့မဝဘူး။

ရှိသမျှခွန်အား
ငှက်ဖျားဝါးမြို သွားသော်လည်း
စိတ်ဓာတ်လေကို အရိပ်တန္ဓေခြောက်ခြား
ပြိုးပျက်ဝင်းပ
တောက်ပတဲ့အရုဏ်ဦးမှာ
ငါ
လန်းဆန်းစွာနိုးလာတယ်။ ။

# အတ္တပြတင်းပေါက်
# ဖွင့်ကြည့်ခြင်း

ဂီတဟာ
အနောက်ဘက်တံခါးပေါက်က
ခုန်ချလွတ်မြောက်
ဘယ်ဆီကိုများ ရောက်သွားသလဲ။

နှောင်း တညရဲ့
ဆောင်းလဇန္နဝါရီ
တုန်ရီစိမ့်အေး
မီးလင်းဖိုနဘေး
နွေးနွေးထွေးထွေး
နေခွင့်မရ
တံခါးခေါက်သံကြားရတယ်။

အဖြူလားအမဲလား
အထီးလားအမလား
ခွဲခြားမရခင်
အရှုးတယောက်လိုပြင်ဆင်
စစ်ထဲဝင်မဲ့မိခင်။

နာကျင်ခြင်းဝေဒနာ ကမ္ဘာပေါ်မှာ
ဘာနဲ့မှလဲလို့မရ အလုပ်အများဆုံးလူသား
ဘဝတခု ဟုတ်များဟုတ်သလား
ထုဆစ်သွန်းလုပ် ရှုံ့မဲ့နိမ့်သွားတဲ့ သူရဲကောင်းတပ်မှူး
လှုပ်ရှားခွင့်လည်း မရဘူးလေ။ ပြင်သလိုမဖြစ် ထင်သလိုဖြစ်တယ်။

လူ့လောကအကျိုး သမီးတယောက်
သယ်ပိုးရန်အလာ ခုမြင် ခုပျောက်
နှုတ်မဆက်ဘဲခွဲခွါ အတ္တပြတင်းတံခါး
ဒီကမ္ဘာမှာ ဟင်းလင်းပွင့်သွားပေါ့
တိုတောင်းတဲ့ကာလ ဆိမ်ဖြူတအုပ်ဟာ
ခဏငယ်လေးတခု ငွမ်းဆုပ်ဖြန့်ကြဲ
ငိုကြွေးခွင့်ပေးလိုက်ပါ။ ပုဇွန်ဆီရှဲစို
တွဲခိုအခဲအလိပ်
အမှောင်ထဲမှာ ဆွဲချိတ်ကောင်းရင်
စောင့်နေတဲ့ပရိသတ် ရင်ထဲ ပန်းပုထုဆစ်ထား။
ဩဘာလက်ခုတ်
တီးမှုတ်ခွင့်မရ ဂီတဟာ
သိုးမွေးဆွယ်တာ အနောက်ဘက် တံခါးပေါက်က
ပန်းနုပြာစပ် ခုန်ချလွတ်မြောက်
လက်စသတ်အောင် မထိုးနိုင်တော့။ ဘယ်ဆီကိုများရောက်သွားသလဲ။ ။

သမီးဦး ... သို့ ၊ ၁၉၈၈ ၊

## ရီဝေသောမိုးဦးည

လ ရယ်
အရည်ပျော်ကျမတတ်
ရွှန်းရွှန်းပြည့်ပြည့်နဲ့
မြရည်စမ်းတဲ့
လမ်းဖြူကလေးမှာ
မိုးဦးလိုလွတ်လပ်တဲ့
စိမ်းဆတ်ဆတ်တောပန်းရနံ့
ရှင်းသန့်လှိုက်ဖို
ရှူလိုသေးတယ်။

ပုစဉ်းရင်ကွဲ
အော်သံမစဲဘူး
ရူးရူးရှရှ ည ရင်ခုန်သံ
အော်သံခေါ်သံ ပေါက်ကွဲသံကို
လ ဝတ်ရည်ချို
သောက်မြို့နာခံ
ကြားမိပြန်တယ်။

လ ရယ်
မှူးယစ်ဝေရီ
အေးကြည်စိမ့်ချို
အိုမသွားဘူး
မိုးဦးညများစွာ
စိမ်းဖန့်ဝါရွှေ
အချစ်တရွှေ့ကို
ရင်မှာဝှက်သို
သိမ်းထားလိုတယ်။ ။

နွေသစ်ပင်

သစ်ရွက်ခြောက်တပင်
ရွက်ကျင် ကြွေကျ
ပွင့်စ ရွက်နု
အားစု ရှန်းကန်
မီးလျှံထဲက နွေဝိဉာဉ်။

အို ဘယ့်ခရီးသည်
အမှောင်ပိတ်ဆီး
လှိုင်းကြီးလှေအောက်
ထွင်းဖေါက်သိမြင်

# လှေတစင်းနဲ့ ခရီးသည်

အနာဂါတ်ရဲ့ခရီးစဉ်။

အကွေ့အကောက်
အတက်အဆင်း
ကျော်နင်းတိုးထွက်
အဆုတ်အတက်
ရုတ်တရက်ထစ်ခြုန်း
မိုးလုံးပတ်လည်
အမှောင်ပယ်ခွင်း
မုန်တိုင်းထန်ပြင်း   ရောင်နီလင်းပေါ့ မှန်သားပြင်။
မြစ်ယံတွင်းက
လှေတစင်းနဲ့ ခရီးသည်။   ကြံ့ခိုင်သန်စွမ်း
မမောမပန်း
ဒီလှိုင်းရိုက်ပုတ်   လှိုင်းကြမ်းကိုစီး
နောက်မဆုတ်တမ်း   လှေငယ်တစီးနဲ့
ရေဆန်လမ်းကခရီးသည်။   ခရီးကိုနှင်
မြစ်ပြင်ရော
တက်ကျိုးရွက်ယိုင်   မဟုရာ ပြတင်းတံခါး
ဖွဲ့ခိုင်ခိုင်နဲ့   ပွင့်လင်းသွားစေသူ
ပဲ့ကိုင်ထားပါ့ ခရီးသည်။   သူဟာအလင်းရှင်။   ။

# မုန်တိုင်း မိုးစက်နဲ့ ပန်းပွင့်

မိုးဖြိုဖွေးဖွေး ညရေးရေးမှာ
မုန်တိုင်းတေးသံ မိုးပြေးသံ
လေပြင်းတိုက်သံ တောရှိုက်သံ
သစ်ရွက်ငိုသံ ငှက်ပြိုသံ
လိပ်ပြာလွင့်သံ ပန်းပွင့်သံ
ခေါ်သံအော်သံ ပေါက်ကွဲသံကို
လှိုက်လှဲတုန်ရီ ကြားမိသည်။

မိုးမှုန်မိုးဖွား မိုးများမိုးစက်
ထိုးနက်စည်ဖြော တဝေါဝေါအော်မြည်
မုန်တိုင်းနီနီ ပန်းနီနီ
စိန်ပန်းနီနီ လမ်းနီနီ
ရာဇဝင်အုံကြွ မှန်စလွင့်ကွဲ
ပြန့်ကြဲ အစိပ်စိပ်အမွှာမွှာ။

စိမ်းပြနက်မှောင် ညသန်းကောင်မှာ
သွေးမြှင်လျှပ်စစ် သိုင်းခြုံရစ်ငင်
အားအင်ပွားသစ် စိန်ပွင့်ကြယ်ပွင့်
ပန်းပွင့်ယမ်းပွင့် မီးပွင့်မီးခဲ
ရဲရဲနီစွေး မိုးလုံးပြည့်။ ။

## ဖော့ဝါဘူးဆို့ ပေါက်ကွဲမှု

တချို့လူတွေက
ရယ်နေကြပြီး
တချို့ကြတော့
ငိုနေကြပေါ့ တဲ့
မရှိတော့တဲ့ လူတယောက်က
မှတ်မှတ်ရရပြောသွားရဲ့။

ထမင်းနဲ့ငါးပိ
ပေါင်မုန့်နဲ့ထောပတ်
အဟာရခါတ်ခြင်းမတူပါလေ။

ကျွန်တော် တရေးအိပ်ဦးမယ်
မျိုးဆက် တဆက်ပဲကြာမယ်
ဥရောပ ဒန္တာရီထဲက
သစ်ခုတ်သမား
မနေ့က နဲ့ ဒီနေ့
ကွဲပြားမှုရှာမတွေ့။

မျက်စေ့မှိတ်လည်း မဲမဲမြင်ရ
ဆင္ဆအာရုံ ရောင်စုံထွေပြား
ဘဝများစွာ နာရီလက်တံ
စက်သံမကြား သွားမြဲသွားနေ။

ကျောတခင်းစာ တနေရာမှာ
မလှုပ်မယှက် ငြိမ်သက်တိတ်ဆိတ်
ပိန်းပိတ်နက်မှောင်
ကုန်ဆုံးခြင်းရဲ့ ပဲ့တင်သံ
သည်းမခံနိုင်ဘွယ်
ခွန်အားလွင့်ပြေ
အိပ်ကြည့်စမ်းပါလေ။

ခေါင်းတလားနဲ့ အိုးခြမ်းပဲ့
ခွပ်ကနဲ့ ကွဲသံ
ကြေးစည်သံ ဝေစည်ည
ခြောက်ခြားဆူဝေ
ရိုးရာအသုဘ အမျှဝေါ်ဆဲ
ရင်ကွဲဟစ်အော်ငို။

အရောင်မရှိ
မှောင်အတိကျတဲ့
တညမှာ
ဆေးလိပ်တတို
ထိုင်ခုံတလုံး
အတွေးတစ
မြေပေါ်ပုံကျနေလေရဲ့။ ။

ရေခဲနှင်းပွင့် တွယ်ညိရှုတ
ဘီယာတကြိုက် ပန်းသီးတကိုက်
ချိုမြယစ်ရီ
ရောင်စဉ်ရသ ဘဝများလော။

ဖြတ်ကနဲရင်ခုန်
စူးနစ်ခံစား နှလုံးသားလှိုက်ဖို
နှစ်ခြိုက်စွဲလန်း မောပန်းနွမ်းလျှ
တုန်ရီလှုပ်ရှား ဘဝများလော။

အချိန်တွေကို
အရည်ဖျော်သောက်စား
ဒါလီရဲ့နာရီများ
မိုးကောင်းကင်မှာချိတ်ဆွဲထားပါ။

စည်း

တခုသော အရဏ်တက်
နှစ်ဆန်းတရက်
နယ်ခြားမျဉ်းစပ်
စည်းပြတ်ဖြတ်ကျော်
သင်ခေါ်သောလမ်းလျှောက်လှမ်းခဲ့။

နေရစ်တော့ပေ့ာ
နှစ်ပေါင်းများစွာ
နေခဲ့ဖူးတဲ့နေရာ
ခံစားမှုမဲ့စွာ
အသက်မပါတဲ့
ဇာတ်ဝင်ခန်းတပုဒ်
ခွဲခွာနှုတ်ဆက်
ရုတ်တရက်ပဲပေါ့။

အနှစ်နှစ်ဆယ်
အချစ်မပြယ်သော်လည်း
ဟစ်အော်ခဲ့ဘူးတဲ့
တေးအိုတပုဒ်
ကျောက်တောင်ထိပ်မှာ
ငုတ်တုတ်ထိုင်နေခဲ့။

လဲနေသောသစ်ပင်
တင်နေသော ကျောက်တုံး
တုန်းနေသောဓါး
ထားခဲ့
အဲဒီနေရာမှာ။

အဲဒီနေရာမှာ
ဒီမိုကရေစီ ချိုအီပါသလား
ဓါးသွားပေါ်က ပျားရည်စက်
သွေးထွက်တဲ့ဂီတ
လမ်းဆုံလမ်းခွ ထူ မ ဆိုင်းဘုတ်
စာကလေးတအုပ်
ရုတ်ရုတ်သဲသဲနိုင်ပါဘိ။

အဲ့ဒီနေရာမှာ
လက်နက်ချဈေးကွက်
အုန်းအုန်းကြွက်ကြွက်
စီးပွားပျက် စီးပွားတက်
အလုအယက် သူ့ထက်ငါနိုင်
တရားလိုတရားပြိုင်
အမှုဆိုင် အမှုတိမ်း
အမွေထိမ်းအမွေခံ
ဒလံပွဲစား ကစားဈေးခေါ်
ဟစ်အော်ဆဲဆို
ရင်ဖိုစရာမဟုတ်ချေ။

အဲဒီနေရာမှာ
သမိုင်း 'ဘုတ်'အုပ်
အမှိုက်ရှုပ်အောင်
လက်ညှိုးထောင် ကိုယ်ရောင်ပြ
အောင်မောင်းခြေထိုး
ယိုးဒယားနတ်သံ
ဒိန်းသံ ဟိန်းညံ
ကလိန်ဉာဏ် ကလိန်ကျစ်
ဖြစ်ဖြစ်မြောက်မြောက်ရှိပါစေ။

မနေ့ကနဲ့ ဒီနေ့
ဒီနေ့ နှင့်မနက်ဖန်
အမှန်ပင်မတူပါ။

တအီအီငိုကြွေး
မိုးသေးမိုးဖွဲများအောက်
အိမ်ခြေယာခြေကျောက်
ကျူးကျော်တဲအိမ်များထဲက
ခလေးငယ်များ
ပျော်ရွှင်စွာကြီးပြင်းခဲ့ကြ။

ခါကာဘိုရာဇီ တောင်ထိပ်
ပုန်းခိုအိပ်စို့
တောင်ထိပ်လမ်းကြား
ဖြတ်သွားလတ်သော်
လပ်ဆတ်သန့်ရှင်း
ဖြူလက်ဝင်းပ နှင်းခ ကမ္ဘာ
မေတ္တာရှာကလေး ရှိဖူးသတဲ့။

သေနတ်မောင်းခလုပ်
တပ်ဖြုတ်ပြင်ဆင် နုပျိုလန်းဆန်းပျော်ရွှင်
နွားကျောင်းသားများ
ကြိုးကွင်းပစ် နွားရိုင်းဖမ်း
ဝမ်းသာပါတယ်
စမ်းရေအေးခဲချောင်းကလေး
တိုးတိုးလေး ရေရွတ်လို့ပေါ့။

ရဲဘော်လေးမောင်
မိုးစွန်ပျံတက်
ဇာမဏီ ငှက်တကောင်
ညဥ့်အမှောင်ထွင်းဖေါက်
သင်လျှောက်ခဲ့တဲ့လမ်း
လန်းဆန်းတက်ကြွ
ဝင်းပတဲ့အနာဂါတ်
ပြတ်သားစွာတွေ့ရပေါ့။

ခြသေ့ဂူတွင်း
ကြီးမြတ်ခြင်းဖြင့်
သင်
စိတ်ချစွာအိပ်စက်ပါတော့။ ။

(၁၉၈၉ မြန်မာနှစ်ဆန်းတရက်နေ့ သို့)
၁၉၉၀ ဩဂုတ်လ ၁၃ ရက်

## အရိပ်

အရိပ်ကို
အတိတ်မှာထားခဲ့လို့မရ။

အရိပ်ဟာ
ထပ်ချပ်မကွာ
တစ္ဆေလိုအပျိုမလို
သင့်ထံတော်ပါး သင့်ကိုယ်ပွား
ဝပ်တွားခြင်းလည်းရှိ
ထောင်လွှားခြင်းလည်းရှိရဲ့။

မွန်းတည့်အရိပ်ဟာ
သင့်ခြေအစုံအောက်မှာ
ပြားမှောက်ငုတ်သျှိုး
ရိုကျိုးလှချည့်လို့မထင်ပါနဲ့။

ဆည်းဆာနေညို
အမှောင်မပြိုခင်
နေမဝင် လမထွက်
အားပျက်နေတဲ့နေခြည်စ
ရှည်မျှောမျှော ရသ
ယိမ်းကလှုပ်ရှား ကိုယ်ပွားဝိဉာဉ်
အမှုးသမားတယောက်လို
သင့်ကိုယ်မှာတွဲခိုလို့။

ပြိုးပြက်နှင်းစက်ကလေးတွေ
နုပျိုသန့်ရှင်း
ရိုးသားခြင်း နေခြည်နွေးက
သင့်အတ္တ ကို
မထေမဲ့မြင်ပြုနေရဲ့။

တောက်ပတဲ့ အရုဏ်ဦးက
ရွှန်းလဲ့တဲ့နေခြည်နု
နုညံ့ပူနွေး
နွေးထွေးပွေ့ဖက်
သင် မာနတက်နေသလား။

မိုးသားမိုးရိပ်
မိုးလုံးပြည့်ပိတ်မှောင်
ရွှေရောင် ငွေရောင် နေရောင်မဲမဲ
ထစ်ခြုန်းချိမ့်သဲ
သင်ဘယ်မှာ ပုန်းနေမလဲ
အမှောင်ထဲကအမဲ

လှပတဲ့နံနက်ခင်းက
ကလေးတယောက်ရဲ့
အပြစ်ကင်းမှုနဲ့
ပျော်ရွှင်စွာနှုတ်ဆက်
တေးဆိုငှက်ကလေးတွေ
စိမ်းစိုမြက်ကလေးတွေ

သင့်ရဲ့
ကျိုးနွံတဲ့ အစေအပါး
ပုံရိပ်ကိုယ်ပွား
ဘယ်ဆီထွက်ပြေးသွားပြီလဲ
အရိပ်ကို
အတိတ်မှာ ထားခဲ့လို့မရ။ ။

ရက်စွဲမဲ့ပြက္ခဒိန်

ဒို့ဆီမှာ
ပြက္ခဒိန်တခု
သံခမောက်ဆောင်းသူတစု
ပြုစုထားတာ ရှိတယ်။

ရက်စွဲမဲ့ပြက္ခဒိန်
ရဲရင့်စွာမော်ကွန်းတင်
ရာဇဝင်ထဲကမှန်တိုင်း
ဆစ်ပိုင်းဖော်ပြ
ဦးအောင်ဇေယျနဲ့ ဘုရင့်နောင်
အနော်ရထာနဲ့ ကျန်စစ်သား
ဖက်ဆစ်တွေ ဖြစ်သွားပေါ့။

မြို့တော်မှဉ်ဝ
လမ်းစုံလမ်းခွ
ဘောင်းဘီဝတ်ထားတဲ့
ဗန္ဓုလကျောက်ရုပ်
ဂေါက်ရိုက်တုတ်နဲ့။

ပက်ဆီကိုလာ ကိုနီကာ
ရောမဆိုင်းဘုတ်
အနီပေါ် အဖြူသုတ်
သဲသဲရုတ်ရုတ်
စိန်အုတ် ရွှေအုတ် ပတ္တမြားအုတ်
အုတ်မျိုးစုံ အုတ်မြစ်ချ

တောက်ပတဲ့အနာဂတ်
တဖျတ်ဖျတ်ခုန်ရဲ့
တံခါးဖွင့်တံခါးပိတ်
စက်ခလုတ်နှိပ် စီးပွားရေး
ရောင်းသူဝယ်သူ
ကြည်ဖြူ
ခြင်္သေ့တံဆိပ် စက္ကူတထပ်
ဒေါ်လာတချပ်ပဲ ပေးရတယ်။

မောက်ရှည်ကို
ဓားလုံကြက်ခြေခတ်
'ထရိတ်မတ်'* လုပ်ထားတဲ့
ကုမ္ပဏီ
ဗမာပြည်ကို ကန်ထရိုက်ဆွဲ
လှေပွဲမြင်းပွဲ လူပွဲနွားပွဲ
ကျောက်ပွဲ မျောက်ပွဲ နတ်ပွဲသတ်ပွဲ
ပွဲမျိုးစုံ ဖက်ရှင်ပြ
ဈေးကွက်ဝင်ပါ့
မျိုးချစ်စိတ်အစ
အာဏာသိမ်းပွဲက
ဇာတိမာန်အစ
ကုလားထိုင်က
ဗမာအစ မြန်မာက ဆိုပဲ
လော်စပီကာနဲ့ ကဗျည်းတင်
ကျောက်စာတိုင်နဲ့ ပြင်ဆင်
သခင်မျိုးဟော့ ဒို့မပါ
ဒို့အရေးသုံးပါး မှတ်သားစရာပါ့။

* trade mark

ထောင့်သုံးရာပြည့် အရေးတော်ပုံ
အမှိုက်ပုံဖြစ်သွားတော့
မှိုင်းကိုယ်တော်
အောင်ကျော် အောင်ဆန်း
ဟိန်း နဲ့ သန်း
လွမ်းစရာ့သမိုင်း
ရာဇဝင်ရိုင်းပေါ့။

အင်လျားရေပြင် သစ်ပုတ်ပင်
ရာဇဝတ်မှုနဲ့ စွဲချက်တင်
မိခင်ဝမ်းကြာတိုက်
ဒိုင်းနမိုက်နဲ့ခွဲ
အသဲထဲက သမဂ္ဂ
လွတ်လပ်ရေး သင်္ကေတ
သက်သေကို ဖျက်ချေကြ။

'ဗမာ့လွတ်လပ်ရေးအတွက်
တပ်မတော်ဖွဲ့ဖို့
ဂျပန်ပြည်မှာကွယ်'
ရဲဘော်သုံးကျိပ်
ဒိတ်ဒိတ်ကြဲပုဂ္ဂိုလ်
သောနတ္ထိရုံလိုလူစား
ကြေးစားစိတ်ဓာတ်နဲ့
တပ်မတော်ဖွဲ့တော့
နယ်ချဲ့ဆန့်ကျင်ရေးအလံ
ပြည်တွင်းစစ် သေနတ်သံဖြစ်ပေါ့။

"တိုင်းပြည်သည်
ရဲဘော်အတွက်မဟုတ်
ရဲဘော်သည်
တိုင်းပြည်အတွက် ဖြစ်သည်"
အာဇာနည် သခင်အောင်ဆန်းရဲ့
ရဲဘော်
လူပေါ်လူဇော် လုပ်ခံရ
မိဘပြည်သူ ဖြုတ်
မိဘတပ်မတော်လုပ်
ဗိုလ်ချုပ်များရဲ့ ဘောသင်း
ကိုယ့်ဂိုးကိုယ်သွင်းပေါ့။

ဒီလိုနဲ့
အရိပ်ကိုဆေးဆိုး
အတိတ်ကို သွေးထိုးခဲ့
ရက်စွဲမဲ့ ပြက္ခဒိန်
ပြက္ခဒိန်မဲ့ ရက်စွဲ
သရဲသဘက်များရဲ့ ပွဲတော်
ပျော်ရွှင်စွာကျင်းပ
ဇာတိ ပုည ဂုဏ်မာန။

ပြက္ခဒိန်တခု
သံခမောက်ဆောင်းသူတစု
ပြုစုထားရဲ့။ ။

ရွှေရတုတော်လှန်ရေးနေ့သို့
(၁၉၉၅ မတ်)

# ပြည်တွင်းစစ်

သေနတ်သံ
ညဥ့်ယံကိုဖေါက်ခွဲ
ဟိန်းညံထန်သဲ။

ခရီးသွားမိခင်
ဖွားသန့်စင်မြိုင်ယံထဲ
သားလှအရူဝဲ။ ။

# ထိုနေ့

စွန့်သွားသူ　လင်းယုန်အသွေးနဲ့လူ<br>
ကျန်ရစ်သူ　မာရသွန်လူသား။<br>
အချိန်ကခွဲထားလိုက်ပေါ့။<br>
ဖဝါးအောက်က မြေ<br>
လစ်ဟာသွားတဲ့　လှိုင်းပေါ်ကလှေ<br>
ကွက်လပ်မိုးကောင်းကင်　သွားတိုင်းလည်းမရောက်<br>
လေးပင်လှဘိ။　ထင်တိုင်းလည်းမပေါက်<br>
ခြေနှစ်ချောင်းနဲ့ ကြက်လိုလူ<br>
ရှိခြင်းမရှိခြင်း　ဘယ်ယက် ညာယက်<br>
ငြိမ်သက်ခြင်းဗုံးဆံ　အသိုက်အဦ (အုံ) ပျက်ရုံပ။<br>
ပစ္စုပန်လှေငယ်<br>
ရေဆန်ရှုက်လှော်　လင့်စင်ပေါ်က မုဆိုး<br>
မျှော်လင့်ခြင်းနေ့ရက်　ကြောင်းကျိုးမဲ့မဟုတ်ချေ<br>
သတ်မှတ်ချက်မရှိ။　ထိုင်နေငြိမ်နေ<br>
သေနေတဲ့မြင်ကွင်း<br>
အကြည့်တန်မှန်ချုပ်　လှုပ်ရှားခြင်းပေပ။<br>
ရပ်နေတဲ့နှလုံးသား<br>
ခြစားသွားတဲ့ စာအုပ်　မိုးရေပြည့်တွင်းကလေး<br>
ဘာလုပ်ဘို့လဲ။　ဖါးအော် ကျွဲလူး ငါးရှဉ့်တူး<br>
နွေဦးကကြိုလင့်နေပ။<br>
ခြေနှစ်ချောင်းပေါ်<br>
ညွှတ်ခွေနေတဲ့နေလုံး　အတုတ်အနှောင်ခံ ခွန်အားများ<br>
ကုန်းရုန်းထ　လှုပ်ရှားရုန်းကန်<br>
ပြိုကျလာတဲ့ ကောင်းကင်　မနက်ဖြန်ရဲ့ နောက်ဆုံးရက်<br>
ယုံကြည်ချက်နဲ့ ပင့်တင်။　မိုတ်တုတ် ကြယ်များလင်းလက်<br>
ရောချောင်းဖျားပေါင်းဆက်<br>
ဝေးဝေးကြည့်　ကမ္ဘာပျက်မဲ့နေ့<br>
မြင့်မြင့်ပျံ မြန်မြန်ပြေး　သွားကြမယ်ဟေ့။　။

# တဒင်္ဂ

နေ့တာတို
အေးစက်ဆောင်းချမ်းရက်
နည့်တဲ့အသားအရည်နဲ့
ယဉ်ကျေးစွာပွေ့ဖက်
မင်္ဂလာပါနံနက်ခင်းပါ နေခြည်နွေးရယ်။

ခိုးကြောင်ခိုးဝှက်
လက်နှိပ်ဓါတ်မီး
အဝတ်အုပ်ထွန်းသလို
နှင်းမြူထုကြား
မရဲတရဲ လင်းနေတဲ့
နေမင်းငဲ့
ဘဲဥ မကျက်တကျက်ကျော်တပွဲ
စားလိုက်မကွဲ့။

ကိုယ်ကိုယ်ကို
မေ့လျော့သွားအောင်ပဲငြိမ်သက်
မလှုပ်မယှက် ဆောင်းလေက
တိတ်တဆိတ် လျှာနဲ့လျှက်
တောအရက် ပြင်းပြင်းတခွက်
သောက်ရသလိုကွယ့်။

ဒီလိုနဲ့
ပေခြောက်ထောင်ကျော် မြင့်တဲ့
အိပ်မောကျ နဂါးကျောကုန်းပေါ်
ပွဲတော်တည်နေတုန်း
နေလုံးလည်းပျောက်
တောလည်းခြောက်။ ။

ဓါး

ဝါးကို ပါးပါးလှီး
နှီးဖြစ်တယ်

ထွက်ပြူစ ဝါး
ဓါးသွားနဲ့ထစ်
မျှစ်ပဲဖြစ်

ဝါးလုံးကို
ဓါးတုံးနဲ့ခုတ်
ဝါးလည်းကျေ
ဓါးလည်းခွေ

ဝါးမြက်ကို
ဓါးထက်နဲ့ဖွဲ့
ဝါး မနဲ့ ဓါးပဲ့

ဝါးနဲ့ဓါးက သက်မဲ့ရုပ်
သက်ဝင်လှုပ်ရှားစေတာက
လက်ရဲ့အလုပ်

ဝါးချွန် ဓါးသွေး
အားမွေးထားကြ
တောက်ပတဲ့ အရုဏ်ဦးက
အမှောင်ထဲမှာ
ဆေးလိပ်မီးတို့နေရဲ့။ ။

# ထောင်

ရေစိမ်
ထုထောင်း
ဖက်နဲ့ထုပ်
ကြိုးတုတ်
ပွက်ပွက်ဆူအောင်ပြုတ်
ကောင်ညှင်းထုပ်တွေ
တောင်းထဲမထည့်
ဘယ့်နှယ်
တိုက်ထဲထည့်
သော့ခပ်ထားပါလိမ့်။ ။

## ခြေနှစ်ချောင်း၏ အတ္တုပ္ပတ္တိ

လေးဆယ့်ခြောက်နှစ်လုံးလုံး
ရှန်းခဲ့တဲ့ခြေထောက်
စီးခဲ့တဲ့ဖိနပ်
မမှတ်မိတော့ဘူး
လျှောက်ခဲ့တဲ့လမ်း
ဖြောင့်တန်းခြင်းမရှိ
ရောက်ခဲ့တဲ့အရပ်
မှတ်တမ်းမရှိ
နားခဲ့တဲ့ကွန်းထောက်
ရောက်ရာအရပ်ပ

နင်းခဲ့တဲ့ဆူး
ရေတွက်မကြည့်မိဘူး

တိုက်ခဲ့တဲ့ခလုတ်
ဖြုတ်ထနေတာဘဲ

တက်ခဲ့တဲ့တောင်
ခြေရာတထောင်ပေါ့

ကူးခဲ့တဲ့မြစ်ချောင်း
အခေါက်ပေါင်းများစွာ
သို့ပင်ဖြစ်သော်ငြား
မားမားမတ်မတ်
ရပ်နေတဲ့
ရာသီခံ ခြေအစုံအောက်
ရောက်နေတဲ့အရာ
ဘာဆိုတာ
မရေမရာမရှိ
အသေအချာသိတယ်။ ။

၁၉၉၆

နဂါးကျော့ပေါ်က နေလုံး    ဘဝစိုးပိုင် မဏ္ဍိုင်သေနတ်
ရင်မှာအပ်ထား ကျည်ကပ်စာအုပ်
ဆန်တထုပ်နဲ့ ကြောပိုးအိတ်စုတ်
ကြိုးပြုတ်ပြန့်ကြဲ ဖရိုဖရဲ
သန်းကောင်ည
လရောင်ညိုညစ်
ရွာထဲတိုက်ပွဲဖြစ်
ကိုယ်ဝန်ရင့်မှာ ခြေဗလာနဲ့
မိခင်လောင်းတယောက်
စွတ်စို ဖွက်ထ အေးမြ    လပျောက်ကြယ်ပျောက်
နွမ်းလျ ကြေမွ ညတည။    အကြောက်နဲ့ အသက်လု
ပြိုလုလုတဲငယ်အတွင်း
ဘဝမီးတိုင်    ချဉ်းနင်းရှောင်ပုန်း
ယိုင်နဲ့နဲ့ တဲငယ်တလုံး    ဖုံးခိုကျင်းလား သချိုင်းလား။
မှောင်အတိဖုံး
ငှက်ဖျားနဲ့ နပန်းလုံး    သူမလက်ထဲ
တနေ့လုံးမေ့မြော    မြဲမြဲကိုင်ဆုပ် လွယ်အိတ်စုတ်ထဲ
မောနေတဲ့ ပေါပုန်းတယောက်    ဆပ်ပြာတခဲ ဖယောင်းတတိုင်
ညီးသံဂယောက်ဂယက်    မီးခြစ်တဖာ အပ်ချည်တထုံး
သုံးခွက်တခွက်တင်ကျို    အရက်တလုံး လုံကွင်းတစ
ဆေးမြီးတို တစက်ချင်းချ    နှီးဝါးတပြား 'ကွီနိုင်' ဆေးခါးတထုပ်
အသက်ပြင်းတဲ့ည။    သေသေသပ်သပ်ထုပ်လို့။

စိမ်းရင့်နဂါးကြောကုန်း
မိုးမြူယမ်းခိုး ပိတ်ဖုံး
ခုန်းကြွ ရှန်းထ ရိုးမ
လှပစွာတွန့်ခွေ
'ကွီနိုင်' ဆေးခါး    ပေါက်ကွဲနေတဲ့နေလုံး ပြူးလို့။
မီးဖွားလဲနိုင် 'ငှက်' လဲ နိုင်သတဲ့
တောင်ပေါ်ကျေးလက်    တွန့်ခေါက်တောင်ပင်လယ်
နီးပြားထက်နဲ့ ချက်ကြိုးကိုဖြတ်    ကောက်ကွေ့နိမ့်မြင့်
ပိုးသတ်အရက် မီးတောက်ချက်သတဲ့။    စည်းချက်ပျောက်မှန်တိုင်း
ကဆုန်စိုင်းနေတဲ့ မြင်းရိုင်းပမာ
မြစိမ်းတောင်စွယ်    ရိုးမဟာ
တဲငယ်တလုံး ယမ်းဖုံးညှ တည    ချော်ရည်လို တောက်ပလို့။
ဖယောင်းတိုင်မီးတစ
ငှက်ဖျားကျ ထိုခဏ    ဟိမဝန္တာ ခါကာဘိုရာဇီ
ဘဝသစ်တခု ထုဆစ်သွန်းလောင်း    နတ်ထိပ်တောင်ကြား
သူ့ရဲကောင်းမိခင် သားငယ်ကို    ရေဦးချောင်းဖျား
မေတ္တာဓာတ်တို့ ဖွားသန့်စင်။    မြွေနဂါးမင်း
မိုးသံမပြင်း ကျည်သံပြင်း    ခြေသည်းလက်သည်းများဖြန့်ခင်း
ရင်တွင်းခါးသက် ပင့်သက်ကြမ်းရှု    တွန့်ဆင်းလှုပ်လှုပ်
နလံထ ငှက်ဖျားအို    တိမ်ဆုပ်မြူဆုပ်များလှုပ်ရှား
'အူဝဲ' သံကို ကြိုဆို    စစ်နဲ့ အချစ်အကြား
ငို ငို ငိုကြွေး    ရိုးမလူသားတယောက်
မေတ္တာတေးလား ခွန်အားလား။    ဖွားမြောက်ခဲ့လေပြီတကား။ ။

ကျေးဇူးတင်လွှာ

ဒီကဗျာစာအုပ် အတွက် အဖုံးပန်းချီရေးဆွဲခြင်းနဲ့ အတွင်းကဗျာများကို ဒီဇိုင်းဆင်ပေးသူ မင်းဆန်းမင်း ရဲ့ မေတ္တာနဲ့ကူညီ ဆောင်ရွက်ပေးမှုများ အားလုံးကို လေးစားစွာနဲ့ ဂုဏ်ပြုအပ်ပါတယ်။

ပြည်သူ့ဘက်တော်သားများ

# ယုံကြည်ချက် ကဗျာများ (၁)



## ထုတ်ဝေမှုမှတ်တမ်း


| | | |
|---|---|---|
| မြန်မာကျူးပစ်စာစဉ် | း | ယုံကြည်ချက်ကဗျာများ (၁) |
| ကဗျာပုဒ်ရေ | း | ၂၀ ပုဒ် |
| ထုတ်ဝေခြင်း | း | ပထမအကြိမ် |
| ထုတ်ဝေကာလ | း | ၂၀၀၉ ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | း | ကန့်သတ်မထား |
| စာအုပ်အပြင်အဆင် | း | ကိုထက် |


## စာအုပ်အညွှန်း

စက္ကူဆိုဒ်မှာ A5 ဖြစ်ပြီး၊ Adobe Reader မှ ပရင့် ထုတ်လိုပါက A4 တစ်ရွက်လျှင် ၂ မျက်နှာ (Multi pages per sheet) ထား၍ ထုတ်ပါ။ စာရွက်ကိုအလယ်မှ ဖြတ်ပြီး ကဗျာစာအုပ်အရွယ် စာအုပ် ချုပ်နိုင်ပါသည်။

## ကျေးဇူးစကား

ကဗျာဆရာများ၊ ကဗျာများကို လက်ဆင့်ကမ်း ထိန်းသိမ်း စုစည်း ပေးခဲ့သူများ၊ မူလ ဖော်ပြ ပေးခဲ့ကြသော ပုံနှိပ် မီဒီယာ၊ အွန်လိုင်း မီဒီယာများ၊ အကြံဉာဏ် ပေးကြသည့် သူငယ်ချင်းများ၊ အထူးသဖြင့် ကဗျာများကို ပြန်လည်စုစည်း ဖော်ပြပေးခဲ့သည့် မြန်မာကျူးပစ်ဖိုရမ် တို့ကို ကျေးဇူး အထူး တင်ပါသည်။

# မာတိကာ


| | | |
|---|---|---|
| ၁။ | မိခင်၏ နှောင်ကြိုးကိုဖြေပါအုံ့ | ၅ |
| ၂။ | In The Quiet Land | ၇ |
| ၃။ | တုံဏှိဘာဝေ နိုင်ငံမှာ | ၈ |
| ၄။ | Free bird towards a free Burma | ၁၀ |
| ၅။ | အကယ်၍ | ၁၁ |
| ၆။ | Why do I have to fight??? | ၁၅ |
| ၇။ | သစ္စာ | ၁၆ |
| ၈။ | ကျားရဲ | ၁၈ |
| ၉။ | အောင်လံကိုင် ဘယ်သူလဲ | ၂၀ |
| ၁၀။ | 3Fs | ၂၁ |
| ၁၁။ | ကြယ်တွေပြိုင်တူလင်းဖို့ လိုတယ် | ၂၂ |
| ၁၂။ | ကောင်းကင် ခေါ်သံ | ၂၄ |
| ၁၃။ | ပိတောက်တွေဖွင့်မယ့်သော့ | ၂၅ |
| ၁၄။ | ရင်ထဲကအမေ | ၂၆ |
| ၁၅။ | Father and Daughter | ၂၉ |
| ၁၆။ | ဒီပရင် | ၃၁ |
| ၁၇။ | ဘယ်သူပြောလဲ တစ်တောလုံးကြွေ | ၃၄ |
| ၁၈။ | ၅၄၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန် | ၃၆ |
| ၁၉။ | ထာဝစဉ် | ၄၂ |
| ၂၀။ | အမေသို့ .. အပူဇော် | ၄၃ |



## မိခင်၏ နှောင်ကြိုးကို ဖြေပါအံ့

သည်းစွာသောအနာကို ကုစားပါအံ့
သမီး၏လုံ့လ ဝီရိယဖြင့် နာလန်ထူပါစေအံ့...

မွေးကျေးဇူးကို မသိတတ်သော
ထိုသူတို့အား
သိနားလည်အောင် ဆွဲဆောင်နိုင်စွမ်းကို
သမီးအားပေးပါလေ...

တွေ့ရအံ့သော ဘေးရန်တို့ကို
သမီးထိမည်မဟုတ်...

တစ်ဘဝတွင် တစ်ခါသာသေရသည်ဖြစ်၍
အဘယ်နည်းနှင့်သေရသည်ဖြစ်စေ
သမီး၌မထူးခြား...

သမီး၏ စိတ်ကူးတို့သည်
အကယ်အဖြစ်သို့ ရောက်သောအချိန်တွင်
အသင်တို့သည်လည်း ပျော်မြူးကြရမည်...

အခြားအခြားသော သူတို့၏
ရှုတ်ချခြင်း
ကဲ့ရဲ့ခြင်း
မုန်းတီးစွဲရှာခြင်း
နာမည်ဖျက်ခြင်းတို့ကို
သမီး အလျဉ်း ဂရုမပြု...

မိခင်ထံမှ ဒါမှငါ့သမီး ဟူသော
ကျူးရင့်သံကိုသာ တောင့်တပါ၏...

လောကတွင် မိခင်၏ကျေးဇူးကို
အသိတတ်ဆုံးသမီး ဖြစ်ရပါလို၏။ ။

**အောင်ဆန်းစုကြည်**

## In The Quiet Land

In the Quiet Land, no one can tell
if there's someone who's listening
for secrets they can sell.
The informers are paid in the blood of the land
and no one dares speak what the tyrants won't stand.

In the quiet land of Burma,
no one laughs and no one thinks out loud.
In the quiet land of Burma,
you can hear it in the silence of the crowd

In the Quiet Land, no one can say
when the soldiers are coming
to carry them away.
The Chinese want a road; the French want the oil;
the Thais take the timber; and SLORC takes the spoils...

In the Quiet Land....
In the Quiet Land, no one can hear
what is silenced by murder
and covered up with fear.
But, despite what is forced, freedom's a sound
that liars can't fake and no shouting can drown.

**Aung San Suu Kyi**

## တုံဏှိဘာဝေ နိုင်ငံမှာ
(In the quiet Land)

ဒီ တုံဏှိဘာဝေနိုင်ငံမှာ...
ဒင်းတို့ ရောင်းဝယ် ဖောက်ကားနိုင်တဲ့
လျှို့ဝှက်ချက်တွေကို
တစ်စုံတစ်ယောက်က နားထောင်နေတယ်ဆိုတာ
ဘယ်သူမှ ပြောမပြနိုင်ဘူး။

သတင်းတွေကို
ဒီ နိုင်ငံရဲ့ သွေးတွေနဲ့ ပေးချေ၊
အာဏာရှင်တွေရဲ့ အားနည်းချက်ကိုတောင်
ဘယ်သူမှ မပြောရဲကြဘူး။

ဒီ တုံဏှိဘာဝေ မြန်မာနိုင်ငံမှာ
ဘယ်သူမှ မရယ်မောဝံ့ကြသလို
ကျယ်ကျယ်ပြန့်ပြန့်လည်း မတွေးဝံ့ကြဘူး။

ဒီ တုံဏှိဘာဝေ မြန်မာနိုင်ငံမှာ
ရယ်မောမှုတွေကို
လူအုပ်ကြီးရဲ့ ဆိတ်ငြိမ်မှုထဲမှာ
တွေ့မြင်နိုင်ကြပါရဲ့။

ဒီ တုံဏှိဘာဝေနိုင်ငံမှာ
သူတို့ကို ခေါ်ဆောင်သွားမယ့်
စစ်သားတွေလာနေတာတောင်
ဘယ်သူတစ်ဦးတစ်ယောက်ကမျှ
ပြောမပြနိုင်ပေဘူး။

တရုတ်တွေက
လမ်းတွေကို လိုချင်တယ်...
ပြင်သစ်တွေကတော့
လောင်စာဆီကို လိုချင်တယ်...
ထိုင်းတွေက
သစ်တွေကို ယူတယ်...
နအဖ ကတော့
အမြတ်အစွန်းတွေကို ယူတယ်လေ...။

ဒီ တုံဏှိဘာဝေနိုင်ငံမှာလေ...
ဟော့ဒီ တုံဏှိဘာဝေနိုင်ငံမှာလေ...
လူသတ်သမားတွေကြောင့်
တေမိဇာတ် ခင်းနေရတာ...
စိုးရိမ်မှုတွေ ဖုံးလွှမ်းနေတာကို
မကြားသိနိုင်ပေဘူး။

ဒါပေမဲ့
ဘယ်လိုပဲ အင်အားသုံးသုံး
လွှပ်လပ်မှုအသံကိုတော့
လူညာတွေ လိမ်လို့ မရသလို
ဘယ်လိုအသံမျိုးနဲ့မှလည်း
မဖုံးလွှမ်းနိုင်ပေဘူး...။ ။

**ဒေါ်အောင်ဆန်းစုကြည်**
(မြန်မာပြန် ဖေသက်နီ)

## Free bird towards a free Burma

My home...
where I was born and raised
used to be warm and lovely
now filled with darkness and horror.

My family...
whom I had grown with
used to be cheerful and lively
now living with fear and terror.

My friends...
whom I shared my life with
used to be pure and merry
now living with wounded heart.

A free bird...
which is just freed
used to be caged
now flying with an olive branch
for the place it loves.

A free bird towards a Free Burma.

**Aung San Suu Kyi**

## အကယ်၍

အကယ်၍
မင်းရဲ့ အမုန်စကားတွေကို
လူလိမ် လူညစ်တွေက
လှည့်စား ပြောင်းလဲပြီး
မုသားအဖြစ် ထောင်ချောက်ဆင် ညစ်တဲ့အခါ
မင်းဟာ
တည်ငြိမ်စွာနဲ့ နားကြားနိုင်မယ်ဆိုရင်...

ဒါမှမဟုတ်
မင်းဘဝ တခုလုံးပေးပြီး
အရိပ်တကြည့်ကြည့် ဖြည့်ဆည်းခဲ့ရတဲ့ အရာရာကို
ဖျက်ဆီးခံလိုက်ရပြီးတဲ့နောက်မှာ
အင်မတန်မှ သေးငယ်တဲ့ တန်ဆာပလာ အရာရာနဲ့
ပြန်လည် တည်ဆောက်နိုင်မယ်ဆိုရင်...

အကယ်၍
မင်းနိုင်ခဲ့သမျှတွေ အားလုံးဟာ
ကြွေတစ်လှည့် ကြက်တစ်ခုန်ပမာ
တစ်လှည့်တခါတည်းနဲ့ ဆုံးရှုံးသွားခဲ့ရင်...
ပြီးတော့
အစကနေ ပြန်စနိုင်မယ်ဆိုရင်...
ပြီးတော့တစ်ခါ
ဆိုးလှတဲ့ ကြမ္မာရယ်လို့
ဘယ်သောခါမှ ညည်းညူမနေဘူးဆိုရင်...

အကယ်၍
သူများတကာ လုပ်ပြီးသွားကြလို့ အချိန်အတော်ကြာမှ
မင်းအလှည့် ရောက်လာတဲ့အခါ
မင်းတစ်ယောက်တည်းနဲ့ပဲ
အားနဲ့မာန်နဲ့ ဖွဲ့သတ္တိရှိရှိ ဆက်ကြိုးစားနိုင်မယ်ဆိုရင်...
အဲဒီလိုပဲ
မင်းမှာ စိတ်အင်အားကလွဲလို့
ဘာဆိုဘာမှ မရှိတော့တဲ့အခါ
အဲဒီ စိတ်ဓာတ်အင်အားကို
ခိုင်မာစွာနဲ့ပဲ ဆက်လက် ဆုပ်ကိုင်ထားနိုင်မယ်ဆိုရင်...

အကယ်၍
စောင့်သင့်တဲ့ အချိန်ကို စောင့်နိုင်ပြီး
အဲဒီအတွက်လည်း မမောမပန်း နေနိုင်မယ်ဆိုရင်...
ဒါမှမဟုတ်
မင်းရဲ့အကြောင်း
မဟုတ်တရား မုသားစကား ကြားရတဲ့အခါ
မင်းကလည်း အလိမ်အညာတွေနဲ့
မတုံ့ပြန်ဘူးဆိုရင်...

ဒါမှမဟုတ်
မင်းကို လူတကာက ဝိုင်းဝန်း မုန်းတီးတဲ့အခါ
မင်းဟာ အမုန်းတွေ ပြန်မပွားဘူးဆိုရင်...
ပြီးတော့
မင်းကိုယ်မင်း လူတော်တစ်ယောက်ရယ်လို့ မမြင်ဘဲ
ပညာရှိ စကားတွေလည်း မပြောဘူးဆိုရင်...

အကယ်၍
စိတ်ကူးယဉ် အိပ်မက်တွေဟာ
မင်းအပေါ် မလွှမ်းမိုးစေဘဲ စိတ်ကူးနိုင်မယ်ဆိုရင် ..
အတွေးအခေါ် စိတ်ကူးတွေဟာ
မျှော်မှန်းချက် သက်သက်သာ မဖြစ်စေဘဲ တွေးခေါ်နိုင်မယ်ဆိုရင်...

အကယ်၍
အောင်မြင်မှုသုခနဲ့ ဆုံးရှုံးမှု ဒုက္ခတွေကို ကြုံတွေ့ရတဲ့အခါ
တူညီသော လောကဓံတရားတွေပါလား ရယ်လို့
ခံယူထားနိုင်မယ်ဆိုရင်...

အကယ်၍
လူတွေနဲ့ ထိတွေ့ပြောဆို ဆက်ဆံရတဲ့အခါ
ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းနိုင်မယ်ဆိုရင်...
ဒါမှမဟုတ်
မင်းဧကရာဇ်တွေနဲ့ အတူ လမ်းလျှောက်နေရပေမယ့်
မာန်မာန သွေးကကြွဘူးဆိုရင်...

အကယ်၍
ရန်သူကဖြစ်စေ၊ မိတ်ဆွေကဖြစ်စေ
မင်းကို သိပ်ပြီး နာကျည်းအောင် မလုပ်နိုင်စေရင်...

အကယ်၍
လူတိုင်းကို တန်ဖိုးထား လေးစားရပေမယ့်
စွဲလမ်းမှု သံယောဇဉ်တွေ ထားမနေဘူးဆိုရင်...

အကယ်၍
တိုတောင်းလှတဲ့ မပစ်ပယ်နိုင်တဲ့ တမိနစ်အတွင်းမှာ
အဓိပ္ပာယ်ရှိလှတဲ့ စက္ကန့်ခြောက်ဆယ်အဖြစ်
အသုံးချနိုင်မယ်ဆိုရင်...

ငါ့သားရေ...
မင်းဟာ
အရာရာရှိတဲ့၊ အရာရာဖြစ်တဲ့
ကမ္ဘာကြီးကို ဆုပ်ကိုင်လို့
အရာရာ ဘာမဆို မင်းစွမ်းနိုင်ပြီပေါ့...
အဲဒီတော့ မင်းဟာလည်း
ယောကျ်ားကောင်း တစ်ယောက်ပဲပေါ့...

**Rudyard Kipling**
ဘာသာပြန် ဒေါ်အောင်ဆန်းစုကြည်

## Why do I have to fight???

They killed my father a year ago,
And they burnt my hut after that
I asked the city men "why me?" they ignored
"I don't know, mind your business," the men said.
One day from elementary school I came home,
Saw my sister was lifeless, lying in blood.

I looked around to ask what happened, if somebody'd known,
Found no one but living room as a flood.
Running away by myself on the village road,
Not knowing where to go but heading for my teacher
Realizing she's the only one who could help to clear my throat,
But this time she gave up, telling me strange things in fear.

Why, teacher, why.. why.. why?
I have no dad nor a sister left.
To teach me and to care for me you said, was that a lie?
This time with tearful eyes she, again, said...
"Be a grown one, young man,
Can't you see we all are dying?
And stop this with your might as soon as you can,
For we all are suffering."

**Aung San Suu Kyi**



## သစ္စာ

အမျိုးသားရေးအတွက်
အသက်ပေးသွားသော ရဲဘော်များအား
တိုင်တည်သစ္စာပြုပါ၏။

မပြီးပြတ်သေး တော်လှန်ရေးတွင်
ကျွန်ုပ်၏သွေး မနီသေးလျှင်
အသင်တို့ သွေးပက်ဖြန်းပေး၍
ရဲဆေးတင်ပေးကြပါလေ။

မပြီးပြတ်သေး တော်လှန်ရေးတွင်
ကျွန်ုပ်ဝိညာဉ် ကြောက်စိတ်ဝင်၍
မချင့်မရဲ သတ္တိနည်းလျှင်
သင်တို့ ဝိညာဉ်ပူးကပ်ဝင်၍
ကျွန်ုပ်အားထိန်းချုပ်သွားပါလေ။

မပြီးပြတ်သေး တော်လှန်ရေးတွင်
ကျွန်ုပ်သည်ကား အမျိုးဂုဏ်မောက် သစ္စာဖောက်ဟု
မထောက်မညှာပြုမိပါလျှင်
အသင်တို့၏ မညွတ်ပျောင်းသော
ခွပ်ဒေါင်းလက်ဖြင့်
ဝိုင်းညှပ်အပြစ်ပေးကြပါလေ။

မပြီးပြတ်သေး တော်လှန်ရေးအတွက်
ကျွန်ုပ်အသက်လမ်းတဝက်မှ ပေးဆပ်ရလည်း
လူဘုံလမ်းခွဲ ဝမ်းမနည်းဘဲ
တာဝန်တရပ်ကျေပြွန်မှတ်၍
ထပ်ဆင့်ပျော်ဝင် ကျွန်ုပ်ဝိညာဉ်သည်
ဒေါင်းအလံကိုဆွဲ လေတွင်ဝဲ၍
သင်တို့ ရှိရာ ကျွန်ုပ်လာမည်
ရင်ဖွင့် ကြိုကြပါလေ။

**မင်းကိုနိုင်**

## ကျွားရဲ

နေပြင်းလျှင်
နှင်းမှုန်လည်း
ဇွေ့ဇွေ့ခုန် အိုက်လိုအိုက်
ခိုက်ခိုက်တုန် ချမ်းလိုချမ်း
အခန်းကျဥ်းကျဥ်း
အလင်းမဝင် .. လေမဝင်
နေမမြင် .. လမမြင်
လူမမြင် .. သူမမြင်မှာ
ထိုင်လျှင်ထိုင် .. မထိုင်လျှင်ငေး
အိပ်လျှင်အိပ် .. မအိပ်လျှင်တွေး
သတင်းမေးဖို့ ဝေးရော .. သီချင်းလေးမှ မဆိုရ
စာဖတ်ဖို့ ဝေးရော .. ကဗျာလေးမှ မစပ်ရ
တရားဟောဖို့ ဝေးရော .. စကားလေးမှ မပြောရ
အဟောသိက .. သံသရာ
ငါ့ကမ္ဘာ ပိစိကွေး
အခန်းကျဥ်းကလေး .. ပတ်လျှောက်လိုက်
သံတခါးဝ .. ရပ်လိုက်
တမတ်တပ်တပ် .. တနေကုန်။

မနေ့ကလည်း .. တနေကုန်
ဒီနေ့လည်း .. တနေကုန်
မနက်ဖြန်လည်း .. ကုန်အုံးမယ်
ကုန် .. ကုန် .. ကုန် ..
ကုန်ချင်သလောက်ကုန်စမ်း ..
တရက်ကုန်မလား .. တသက်ကုန်မလား
တလကုန်မလား .. တဘဝကုန် မလား
တနှစ်ကုန်မလား .. တခေတ်ကုန်မလား

အားမလျှော့ဘူး .. မပျော့ဘူး
ပေဖြစ်တော့ခံမယ် .. တူဖြစ်တော့ နှံမယ်
အမှန်တရား .. တို့ဘက်မှာရှိတယ်
ပြည်သူအများ .. တို့ဘက်မှာရှိတယ်
ကာလယန္တရား .. တို့ဘက်မှာရှိတယ်
ရှင်တော်ဘုရား .. တို့ဘက်မှာရှိတယ်
သိကြရဲ့လား။

တိရစ္ဆာန်ရုံ က ကျားလို .. လှောင်အိမ်ထဲမှာ
တလွန့်လွန့်နဲ့
ကျားညွန့် တုံးမယ် ထင်နေသလား ..
မှားလိုက်တဲ့အမြင် .. ဟားတိုက်လို့ ရယ်ချင်စရာ။

မှတ်ထားပေ့ ..
အဝါပေါ်မှာ .. အနက်စင်း ..
မပျက်မယွင်း .. ကွက်ကွက်ကွင်း ..
အရှင်းသား မလွဲသ၍
အထင်းသားစွဲ သ၍
ကျားရဲ့ဟာ ကျားရဲ့
ငါလည်း ..
အဲဒီလိုပဲကွ .. ဟေ့။ ။

**ဦးဝင်းတင် (ဟံသာဝတီ)**
(ထောင်တွင်းမှကဗျာ)

## အောင်လံကိုင် ဘယ်သူလဲ

ရန်သူရဲ့ သေနတ်ပြောင်းဝက
တစက်စက်ကျတဲ့ သွေး
ငါတို့တတွေရဲ့ သွေး
ဘယ်တော့မှ မတိတ်တဲ့ သွေး
အရေးတော်ပုံ သွေး။

သွေးနဲ့ရေးတဲ့ သမိုင်းစာမျက်နှာ
အရှည်ကြီး၊ အထူကြီး၊ အများကြီးပါ
မော်ကွန်းထိုးလို့ မဆုံးနိုင်ပါ။

အာဇာနည်များရဲ့ မော်ကွန်းကျောက်စာတိုင်
ရန်သူများ
သစ္စာဖောက်များ
ကိုယ်ကျိုးရှာသမားများ
သတင်းပေးများက
မတရားဖြိုလှဲလို့ မပြိုကွဲနိုင်ပါ။

နလုံးသားထဲက ကျောက်တိုင်
ကမ္ဘာတည်အောင် ခိုင်လိမ့်မယ်
အောင်လံကိုင်သူ အစစ်အမှန်ဟာ
ပြည်သူတွေဖြစ်ရမှာ မုချပါ။ ။

တင်မိုး

## 3Fs

We Want 3Fs.
3Fs we want.

We want Freedom.
We want freedom for our future.

We want Friendship.
We want friendship between our army and our people.

We want Food.
We want food to live peacefully.

**Aung Way**

## ကြယ်တွေပြိုင်တူလင်းဖို့ လိုတယ်

သုညတစ်လုံးဟာ
ဘယ်တော့မှရှေ့ဆုံးမှာ မနေသင့်ဘူး။

မင်းတို့နေရာပျောက်မှာ ကြောက်တာနဲ့
ခန်းမတစ်ခုလုံးကို ဖျောက်ထားရသလား။

မိုးကြိုး လျှပ်စီးရယ်
မင်း – ငါတို့ကို ပစ်ခတ်ပြာချလည်း
မင်းလည်း ခဏပဲ လင်းမှာပါ၊
လမင်းတော့ ဖြစ်လာမှာ မဟုတ်ပါဘူး။

သူငယ်ချင်းတို့ရေ ...
မိုးတိတ်မှ အပြင်ထွက်မယ်ဆိုတဲ့ စိတ်ဓါတ်တွေနဲ့တော့
ဘယ်ကိုမှ ရောက်မှာမဟုတ်ပါဘူး။

ယုံကြည်ချက်တွေကို ထမ်းပြီး
ကမ္ဘာသစ်ဆီ သွားမယ့် လမ်းဟာ
ကြမ်းတော့ ကြမ်းလိမ့်မယ်။

ရှေ့မှာလည်း
တစ္ဆေ တစ်ကောင်
သေနတ်ကိုင်ပြီး စောင့်နေတယ်။

တစ္ဆေမကြောက်သင့်တဲ့ အချိန်မှာတော့
မျက်လုံးတွေ ကန်းသင့်ရင် ကန်းထားရလိမ့်မယ်။

ပြီးတော့
တောက်ပနေတဲ့ မျက်လုံးအသစ်တွေနဲ့
အိပ်မက်တွေကိုပဲ တည့်တည့်ကြည့်ပြီး
ရဲရဲဝံ့ဝံ့ လျှောက်ရအောင် ။

မီးပျက်နေတဲ့ ညမို့
ကြယ်တွေ ပြိုင်တူလင်းဖို့လိုတယ်

ကောင်းကင်ကို

## ကောင်းကင် ခေါ်သံ

ပျံသန်းခွင့် ဆိုတာ ပြောခွင့်မရတဲ့စကားလုံး
အတောင်ပံ ဆိုတာ ဖြတ်ညှပ်ခံထားရတဲ့အရာတစ်ခု
နှုတ်သီးတွေဟာ တေးဆိုဖို့မဟုတ်
အစာစားဖို့လည်း သွေးစက်တွေနဲ့ နာကျင်ကိုက်ခဲ
လမ်းလျှောက်မယ့် ခြေချောင်းတွေမှာ နှောင်ကြိုးတန်းလန်းနဲ့

ငှက်ခတ်သမားရေ ..
သင်ငြိမ်းချမ်းပါစေ လို့တောင် မပြောရတော့ပါလား
မေတ္တာ ဆိုတာ တားမြစ်ထားတဲ့ ဝေါဟာရဖြစ်သွားတယ်

အခုတော့ ..
ယုံကြည်မှုနဲ့ ရစ်ပတ်သထက်ပတ်
နလုံးသွေးတွေ အထပ်ထပ် ရှာသွန်းကျတဲ့အခါ
ကောင်းကင်ဆိုတာကို လှမ်းမြင်နေရတာပဲ
ကဲ .. စိတ်ဝိညာဉ်ရဲ့အားကို သင်ဘာနဲ့တားမှာလဲ ။

ပန်ဒိုရာ

## ပိတောက်တွေဖွင့်မယ့်သော့

အဲဒီနှင်းဆီဟာ ပန်းအိုးထဲ
ထိုးစိုက်ထားတဲ့နှင်းဆီမဟုတ်
သော့ခလောက်တလုံးထဲ
နစ်ရှည်လများ စိုက်ပျိုးထားတဲ့နှင်းဆီ
သူ့ဆူးရှိုးတွေနဲ့ အဲဒီသော့ခလောက်ကိုထိုးဖွင့်
ပွင့်လင်းလူ့ဘောင်
အောင်ဆန်းစုကြည်
အာဇာနည်
ငါတို့ခေတ်ကိုရောက်ရမည်။ ။

**သစ်ကောင်းအိမ်**
၁၀ မတ် ၂၀၀၉



## ရင်ထဲက အမေ

အမေဟာ ..
ဝါးလုံးခေါင်းထက်တောင် ကျဉ်းတဲ့
စစ်ဖိနပ် အတွင်းမှာ
မရမက သာပေးရှာတဲ့ လမင်း။

အမေဟာ ..
ဒဏ်ရာတွေကို ကြိုးအဖြစ်တပ်ပြီး
ကမ္ဘာတုန်အောင် မြည်တဲ့သီချင်း။

အမေနေပြခဲ့တဲ့ အတ္ထုပ္ပတ္တိနဲ့ သားတို့သတ္တိတွေကို ဆူပွက်နေအောင် နှိုးထားတာ။
အမေပြောခဲ့တဲ့ စကားတွေနဲ့ သားတို့ သွေးတွေကို နီရဲနေအောင် ဆိုးထားတာ။

အမေ့ရင်ထဲက ကဗျာ တစ်ပုဒ်ဆွဲထုတ်
ဓားတစ်လက်လုပ်ပြီး
အဲဒီ မိစ္ဆာတောအုပ်ကို သားတို့ ခုတ်ကြမယ် အမေ။

ဘယ်သူတွေ ဘယ်လို ပြောပါစေ
အမေဟာ အမေဖြစ်နေသေးသရွေ့
သားတို့ ချစ်နေမယ်။
ရင်ထဲမှာ အမေ အမြဲရှိနေမယ်။

ခုချိန်မှာတော့ အမေဟာ ..
ကျဆုံးခဲ့တဲ့ ရင်သွေးတွေအတွက်
အမေ့အိမ်လေးထဲမှာ တိတ်တိတ်ကလေး ငိုနေမလား။
ဒါမှမဟုတ် ဒုက္ခပင်လယ်ဝေနေတဲ့ ရင်သွေးတွေအတွက်
ဆုတောင်းမေတ္တာတေးသီချင်းတွေကို တိတ်တိတ်ကလေးဆိုနေမလား။

အမေ့ရဲ့ အကြင်နာလက်နဲ့
သားတို့ နေတဲ့ ပုခက်လေးကို
ညင်သာစွာ လွှဲပေးမယ့် နေ့ရက်တွေကို မျှော်နေမယ်။

အမေဟာ ကျွန်တော်တို့ အားလုံးရဲ့ကောင်းကင်
အမေ မိုးမယ့် နေ့တွေဆီကို သားတို့ အားလုံး ရောက်ချင်လှပြီ။
အမေဟာ ကျွန်တော်တို့ အားလုံးရဲ့ မိခင်
အမေပျိုးမယ့် ဥယျာဉ်ကို သားတို့ အားလုံး ကြည့်ချင်လှပြီ။ ။

**ကောင်းကင်ကို**
၁၅ ဖေဖော်ဝါရီ ၂၀၀၈

## Father and Daughter

I read "A lotus in the mud" poem today
Nini Zaw had portrayed "father and daughter" together
They not only look similar in physical features
But also in the situations each faced for dear Burma.

Father looks stern and determined
Daughter is sweet and sublime
But, determined and defined too
She cares for the people.

Father opposed the British
He fought the Japanese Fascists
He vanquished the Burmese extremists
A Union of Burma was thus established.

Daughter was selected by the people
To lead them for democracy and human rights too
She shouldered her duty full
She sacrificed her life, hubby and hues.

Father died in ninety forty seven
Things have not changed since then
Tyrants and militarists rule the land
People languished in prisons and in their hands.

A major revolution occurred in eighty eight
People fought for democracy for people's sake
Daughter was made their leader
She has been leading them for their honour.

She has been attacked and detained
"To tame her and defend her", they claimed
but they are afraid of even her name
Their mean act sent them to shame
People disdain them, loathe them
People want to send them to hell mayhem.

She is still held lonely
They think she would surrender easily
They err heftily
She is "her father' daughter" already
We must demand for her liberty
We wish her to be free and healthy!

**Dr Maung Maung Nyo**
19.6.2007

In Commemoration of Daw ASSK's Birthday today

## ဒီပရက်

ပုံပြင်ထဲက မြို့လည်း မဟုတ်
ဒဏ္ဍာရီထဲက မြို့လည်းမဟုတ်
ရာဇဝင်ထဲက မြို့တစ်မြို့
ပုဂံခေတ်ထဲက ရှိတဲ့ မြို့တစ်မြို့
လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀၀ ကျော်တည်းက ရှိတဲ့မြို့တစ်မြို့
သမိုင်းဝင် မြို့တစ်မြို့။

ဒီမြို့ကို ကတူးလူမျိုးတွေ တည်ထောင်ခဲ့တယ်
အလောင်းစည်သူမင်း
တိုင်းခန်းလှည့်လည်ရင်း
မြောက်ဘက်အရပ်အရောက်
အရှေ့ဘက်က နတ်တွေ ဆိတ်ယောင်ဆောင်
ရေသောက်မယ့်ဟန် မြည်သံပေးတာကို အစွဲပြုလို့
ဒီမြို့ ဒီနာမည်တွင်ခဲ့ရ။

အရှေ့မှာ ဧရာဝတီ
အနောက်မှာ ချင်းတွင်း
မနီးဝေးမှာ မူးမြစ်နဲ့
စိုက်ပျိုးရေး လုပ်ငန်းတွေ ဖြစ်ထွန်းခဲ့တယ်။

သာသနိက အဆောက်အအုံတွေပေါ်များ
ရဟန်းပညာရှိ လူပညာရှိတွေထွန်းကား
တခြားမြို့တွေနဲ့ စီးပွားကူးသန်းသွားလာဖို့ လွယ်ကူ
ဘိုးတော်ဘုရား လက်ထက် စစ်တမ်းတွေအရ
အစည်ကားဆုံးမြို့ ၁၂ မြို့ထဲက မြို့တစ်မြို့။

အလောင်းဘုရား လက်ထက်မှာ
အိမ်ရှေ့စံ နောင်တော်ကြီး ဒီမြို့ကို စားရ
ဘိုးတော်ဘုရား လက်ထက်မှာ စစ်သူကြီး မဟာဗန္ဓုလ
နေမျိုးသူရ ရဲခေါင်ဘွဲ့နဲ့ ဒီမြို့ရဲ့ မြို့ဝန်။

ဘုံခန်းပျို့ဆရာ အရှင် အဂ္ဂသမာဓိ
စစ်သူကြီး မဟာဗန္ဓုလ
မုံတိုင်ပင် ဆရာအရှင်ဝံသ
အတုလဆရာတော် အရှင်ယသ
မြသိန်းတန် ဆရာတော် အရှင်ဇိန
အယူတော်မင်္ဂလာဦးနိုး
လယ်တီဆရာတော်
ဒါ ဒီမြို့သား ပုဂ္ဂိုလ်ကျော်တွေ။

ဒီမြို့မှာ
မင်းတုန်းမင်းကို ပုန်ကန်ခြားနားတဲ့
ပတိမ်းမင်းသား ခိုလှုံခဲ့ဖူးတယ်
ဒီမြို့ကနေ
ကောက်ကျစ် ယုတ်မာတဲ့ မြို့ဝန် ဦးမှန်း
အောက်ပြည်ကို ထွက်ပြေးခဲ့ရတယ်

ဒီလိုနဲ့
ဒီမြို့မှာ
သူ့ရဲ့ကောင်းတွေ ပျောက်ဆုံးခဲ့ရတယ်
ဒီမြို့မှာ
သစ္စာဖောက်တွေ အတောင်ပေါက်ခဲ့ကြတယ်
ဒီမြို့မှာ
လူငယ်လေးတစ်ယောက်
သူ့ဆိုင်ကယ် ကျပျောက်ခဲ့ရတယ်
ဒီမြို့မှာ
အမျိုးသမီး တစ်ယောက်
သေကံမရောက် သက်မပျောက် ဖြစ်ခဲ့ရတယ်
ဒီမြို့မှာ
အံ့ကြိတ်ရ တက်ခေါက်ရတဲ့
အဖြစ်အပျက်တွေ ရှိခဲ့တယ်။

တနေ့တော့
မိုးနည်းတဲ့ ဒီဒေသ
ဆောင်းတွင်းအခါ သမယမှာ
မိုးရွာဖို့ မဆိုထားနဲ့
မိုးအုံ့ဖို့တောင် အကြောင်းမရှိပေမယ့်
ရုတ်တရက် မိုးကြီးရွာချလိုက်တယ်
ဆင်ခြေရာတွေတောင်
တိမ်ကော ပပျောက်သွားအောင် ရွာတဲ့ မိုးမို့
အညာအခေါ် ဆင်ရာတိမ်မိုး တဲ့လေ။

မုံရွာ–ရေဦး လမ်းကို ဖြတ်သန်းရင်း
ဒီမြို့ကို ကားပေါ်က လှမ်းကြည့်မိတဲ့အခါ
အတိတ် တစ္ဆေက ငါ့ကို ခြောက်လှန့် နေလေရဲ့။ ။

**ကြည်မောင်သန်း**

## ဘယ်သူပြောလဲ တစ်တောလုံးကြွေ

ဘယ်သူပြောလဲ
တစ်တောလုံးကြွေ။

တဟုန်းဟုန်းနဲ့
တောဆုံးတောင်ဖျား၊ မီးတောက်ကြားမှာ
ဖျားနာခဲ့ပြီ တို့နှင်းဆီ။

အပူစီးကြောင်း
ချောင်းရေဆူပွက်၊ ညဥ့်နက်နက်ထဲ
တစ်စက်နှစ်စက်၊ သွေးစက်စက်လေ
အိပ်မက်မီးသင့် ခဲ့သလော။

ငါလာခဲ့ပြီ
ဤနေရာသို့၊ ငါငိုကြွေးရန်
ဒူးထောက်တောင်းပန်
အညှဲ့ခံဖို့ လာခြင်းမဟုတ်။

ငါယုံကြည်သည်
နှင်းဆီတစ်ပင်၊ မီးလောင်ပြင်က
ရှင်ပြန်ထမြောက်၊ ငှက်တေးကောက်ချိန်
တောက်ပဝေဖူး၊ တို့ခေတ်ဦးကို
ကူးယူနိမြန်း လွမ်းပေလိမ့်။

တို့ လွမ်းသဖြင့်
အပွင့်ကြွေစေ၊ မသေအမြစ်
ချစ်နေသေးသည်
မည်သို့ပင်ဖြစ်စေ ။

ကဲ ဘယ်သူပြောလဲ
တစ်တောလုံးကြွေ။ ။

**အောင်ဝေး**



## ၅၄၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်

အင်းယားကန်တောင်ဘက်ကမ်းနဖူးမှာ
မြန်မာပြည်အသေးစားပုံတူတစ်ခု
ပိတ်လှောင်ထုဆစ်ပြထားတယ်။
တားဆီးချုပ်နှောင်ဆိုးညစ်ခြင်းကြားက
တရားမျှတခြင်းသင်္ကေတ
ရှန်းကြွရှင်သန်၊ ခြံအမှတ် ၅၄ တဲ့
ရင့်ကျက်တဲ့အိမ်ဖြူကြီးတစ်ဆောင် ထီးထီးမားမား
ခမ်းနားမှုအကြွင်းအကျန်တွေရယ်
အေးစက်သံချေးတက်ဆူးကြိုးတွေရယ်
မှိန်ဖျော့နေပေမယ့် ဘယ်တော့မှမလှဲတဲ့အလံတွေရယ်
ရှင်းလင်းမခံရတဲ့သစ်ရွက်ဆွေးအမှိုက်သရိုက်တွေရယ်
ဖွင့်ခြင်းသဘာဝချို့ယွင်းနေတဲ့ သံတံခါးနှစ်ချပ်ရယ်
အဲဒီအရာတွေရဲ့ ဟိုးနောက်ကွယ်မှာတော့
သတ္တိအစစ်အမှန်အားလုံးရဲ့စုဆုံရာ
သန်းငါးဆယ်ရဲ့အနာဂတ်တွေစုဆုံရာ
ကမ္ဘာအရပ်ရပ်ကစိုးရိမ်ပူပန်မှုတွေစုဆုံရာ
အမျိုးသမီးတစ်ဦး
အင်အားကြီးမားတဲ့တိတ်ဆိတ်ခြင်းနဲ့အတူရှိနေတယ်။
သည်လိုတိတ်ဆိတ်ခြင်းရဲ့လှိုင်းတွေက
ပတ်ဝန်းကျင်ကိုပျံ့လွင့်ရိုက်ခတ်
ကားတွေလမ်းပေါ်ပြေးလွှားရင်း ဒီနားရောက်ပြီဆိုရင်
စက်သံတွေလျှော့သွားကြ
ကားပေါ်ကလူတွေစကားသံရပ်သွားကြ
ခြံဝင်းဘက်လှည့်ကြည့်တဲ့ ဦးခေါင်းတွေလေးလံသွားကြ
စိတ်မျက်စိနဲ့သာလှမ်းကြည့်ဖြစ် သူတို့ရဲ့စိတ်တွေလေးလံသွားကြ
အင်းယားကိုဖြတ်တိုက်လာတဲ့လေတဟူးဟူးတောင်မှ
ဒီခြံဝန်းနားအရောက်မှာညင်သာနူးညံ့လို့သွားတယ်။

အဲဒီအမျိုးကောင်းသမီးကို
ကမ္ဘာ့ဖက်ဆစ်စနစ်ကြီး ကျဆုံးသွားတဲ့နှစ်ကမွေးခဲ့တာ
စိန်သွားလိုလင်းလက်ထက်ရှ၊ သူမရဲ့တရားတွေကို
လက်လုပ်လက်စားတို့ရဲ့လက်ဖဝါးတွေကတောင်
တဖြောင်းဖြောင်းရိုက်ခတ်နားလည်ခဲ့ကြတယ်။
အသိပညာရည်ပြည့်ဝ၊ ရိုးရှင်းတိကျတဲ့စကားတွေက
တောင်ယာလယ်လုပ်၊ ဓားမခုတ်တွေကိုတောင်
လက်သီးဆုပ်တွေမိုးပေါ်မြှောက်၊
အကြောက်တရားကိုလွှန်မြောက်စေခဲ့တယ်။
ဟာသဉာဏ်ပါတဲ့ ပြုံးထေ့ထေ့သူမအပြောတွေကတော့
ဖိနှိပ်သူတို့ရဲ့အနာခံဆိုးကို သံမဏိအပ်ဖျားနဲ့ တစစ်စစ်ဆွတတ်ရဲ့။

ဒီအမျိုးကောင်းသမီးဟာ
ဖက်ဆစ်တွေကိုမြန်မာမြေပေါ်ကမောင်းထုတ်တဲ့နှစ်မှာ
ဖွားမြင်ခဲ့တဲ့သူပေါ့။
သူမဖခင် သခင်အောင်ဆန်းဆိုတာက
ကမ္ဘာ့အသက်ငယ်ဆုံးအမျိုးသားခေါင်းဆောင်တစ်ဦး
မြန်မာ့သမိုင်းရဲ့နှလုံးရည်ပြည့်ဝဆုံးသူရဲကောင်း
ခေတ်သစ်ဗမာ့တပ်မတော်ကိုထူထောင်ခဲ့သူ
စတုတ္ထမြန်မာနိုင်ငံတော်ကိုတည်ဆောက်ခါစမှာ
ကျဆုံးခဲ့ရရှာတဲ့အာဇာနည်၊
အဲဒီတုန်းက သူမ ၂ နှစ်သမီးအရွယ်။

ဒီအမျိုးကောင်းသမီးဟာ
ဖခင်ရဲ့မေတ္တာပုံရိပ်တွေကို
မိခင်ရဲ့ချစ်ခြင်းနဲ့ရင်တွင်းအပူမီးကတစ်ဆင့်သာ
ရင်းနှီးခွင့်ရခဲ့သူ
ဖခင်ရဲ့ဂုဏ်ရည်စွမ်းပကားတွေကို
မြန်မာအပေါင်းတို့ရဲ့နှလုံးသားထဲကတစ်ဆင့်
ကြည်ညိုလေးစားခွင့်ရခဲ့သူ

ဖခင်ရဲ့တရားနဲ့ရိုးသားကြိုးမြတ်မှုကို
သမိုင်းစာမျက်နှာတွေပေါ်ကတစ်ဆင့်
သိမှီခွင့်ရခဲ့သူ
ဖခင်ရဲ့ခံစားမှုအတွေးအမြင်ကိုတော့
အလုပ်တူခြေရာနင်းလိုက်ယင်း နားလည်ခဲ့ရသူ။
ဒီအမျိုးကောင်းသမီးဟာ
ဒို့ရေမြေအတွက်တော့
ညနက်ပေါ်ကလမင်း
သူမအလင်းကိုမြင်ပြီပေါ့ဆို
လူထုဟာ ဒီရေတွေလိုရုန်းကြွ
ဝေဒနာလှိုင်းတွေတအုံးအုံးထ
အမှောင်ကိုအာခံအံတုဝံ့ကြ
သတ္တိတွေကူးစက်ခြင်းခံကြရတယ်။
အာဟာရချို့ငဲ့ဘဝတွေလဲ
ပူပင်သောကတို့သန့်စင်
ထမင်းဆီဆမ်းရွှေလင်ပန်းနဲ့မျှော်လင့်ချက်မှာ
ကလေးရောလူကြီးပါ အငိုတိတ်ကြရတယ်။

ငွေလမင်းသူမ ဖုံးကွယ်ခံရပြန်ပြီဆို
အကာလပြန်လည်မင်းမူ
လူမသမာတွေနဲ့ ဖုတ်တစ္ဆေတို့လမ်းသလားကြ
ခြောက်ခြားဖွယ်တစပြင်လို။

နှစ်ပေါင်းရာထောင်ချီ
ထီးနန်းရေးရာမလိမ္မာတဲ့ဒို့လူမျိုး
ကျိန်စာသင့်ဒီမြေဆိုးမှာ
ကုန်းဘောင်နန်းတွင်းလူသတ်ပွဲကနေ
ဒီပဲယင်းလုပ်ကြံမှုအထိ
ကောင်းမြတ်သူတို့အသေဆိုးနဲ့သေခဲ့ရရှာ
ဘဝများစွာသေကွဲရှင်ကွဲ

ဒို့ရဲ့အမျိုးကောင်းသမီးဟာလည်း
ဒီမြန်မာ့နိုင်ငံရေးဝဲဂယက်ထဲ
ဖခင်နဲ့လင်သားကိုသေကွဲခွဲခဲ့ရ
သားအချစ်မြေးအနှစ်တို့ကိုရှင်ကွဲခွဲနေရပေမယ့်
ကိုယ်ရေးကိုယ်တာကိုတစ်ခွန်းဟမညည်းတွား
အကြီးမားဆုံးမိခင်မေတ္တာထက်
သည်ရေသည်မြေကိုကရုဏာသက်ခဲ့သူ။

မယဉ်ကျေးသူတို့က
နယ်ချဲ့ဝါဒနဲ့လူမျိုးရေးကို ရောထွေးမုန်းတီး
ကိုယ်ရေးကိုယ်တာစည်းအထိကျူးကျော်ဝေဖန်လည်း
အပြုံးမပျက်တုံ့ပြန်နိုင်ခဲ့သူ
ဒီအမျိုးကောင်းသမီးဟာ
နယ်ချဲ့ဝါဒကို လက်ထပ်ခဲ့တာမဟုတ်
အင်္ဂလန်ပြည်ဖွား အမျိုးသားတစ်ဦးကို
လက်ထပ်ခဲ့တာသာဖြစ်တယ်
တကယ်တော့
အာရှသွေးနဲ့အလှကြွယ်သူ
ဒီသူရဲကောင်းမလေးကိုချစ်မိခဲ့တဲ့
ခင်ပွန်းသည်မိုက်ကယ်အဲရစ်ဟာ
ဒို့ပြေဒို့မြေအချုပ်နှောင်ကလွတ်မြောက်ဖို့
သူ့နှလုံးသားကိုအချုပ်နှောင်ခံသွားခဲ့သူ
သူ့ကိုယ်ရေးကိုယ်တာကိုစတေးသွားခဲ့သူ
သည်ရေသည်မြေအလင်းရောင်အတွက်
သူ့ဘဝကိုအထီးကျန်အမှောင်ချပြီး
ချစ်ဇနီးကိုခွဲခွာခြင်းနဲ့ပေးဆပ်သွားခဲ့သူ။

အို အမိမြန်မာပြည်
တခါကအတုအယောင်ဆိုရှယ်လစ်ဇင်း
ဟင်းကြွင်းဟင်းကျန်တွေကို

ဖောက်ပြန်တဲ့အမျိုးသားဝါဒအိုးနဲ့ထည့်နွှေးပြီး
ကျွေးမွေးတည်ခင်းတဲ့
ဖက်ဆစ်ထမင်းပွဲ၊ ခံတွင်းစွဲသူစွဲပေမယ့်
အဆိပ်သင့်ရတာပြည်သူ
သွားရည်ကျသူကျပေမယ့်
အော့အန်နေကြတာပြည်သူ။

အို အမိမြန်မာပြည်
ဒီမိုကရေစီကိုယ်ဝန်အရင့်အမာကိုလွယ်
နေ့စေ့လစေ့နေပါလျက် မီးမဖွားနိုင်တဲ့မိခင်လို
အသဲခိုက်အောင် နာကျင်နေရှာရှော့မယ်၊
နာကျင်ခဲ့ရလို့ မချစ်တဲ့မိခင်ဆိုတာမရှိရိုးမို့
သင်အဟာရချို့တဲ့၊ ပင်ပန်းဆင်းရဲခဲ့လည်း
ရောဂါမထူ၊ မချူမချာ၊ အင်္ဂါစုံလင်တဲ့
ဒီမိုကရေစီကလေးငယ်ကိုသာ ဖွားမြင်နိုင်ပါစေ။

ဒို့များရဲ့အမျိုးကောင်းသမီးဟာ
အတိတ်ပြဿနာသေတ္တာရဲ့
သော့တစ်ချောင်းဖြစ်သလို
အနာဂတ်ဥယျာဉ်တံခါးရဲ့
သော့တစ်ချောင်းလည်းဖြစ်ပြန်တယ်
ပစ္စုပ္ပန်အကျဉ်းမြေမှာတော့
ကိုယ်တိုင်သော့ခတ်ခံနေရတဲ့ သော့တစ်ချောင်းဖြစ်နေရှာရဲ့။

နှစ်ပေါင်းများစွာတိတ်ဆိတ်အထီးကျန်ခဲ့တဲ့
အမိမြန်မာပြည်ရဲ့ပုံစံငယ်
ခြံအမှတ် ၅၄၊ တက္ကသိုလ်ရိပ်သာလမ်းကို
မြန်မြန်ငြိမ်းချမ်းသာယာဖို့
ငါတို့ကြိုးပမ်းနှင့်ကြမယ်။

အင်းယားရဲ့လှိုင်းတွေတဖျပ်ဖျပ်ခုန်ပေါက်
ပန်းမျိုးစုံဝေဆာ၊ ငှက်ကျေးတို့တီတာ
ငါတို့နိုင်ငံရေးဖုန်းဆိုးမြေရိုင်းလည်း
ဥယျာဉ်သစ်နှယ်ရောင်စုံဖြာ
ငါတို့ချစ်တဲ့အမျိုးကောင်းသမီးလည်း
သားချစ်တို့ကိုကျွေးမွေးပြုစု
မြေးနှစ်ကိုယုယပိုက်ထွေး
ငြိမ်းအေးကြည်လင်တိမ်စင်လမင်းပမာ
အမှောင်ခွင်းအလင်းဖြာ
အဲဒါမှ ဒို့ပြေဒို့မြေ။

၂၀၁၅ မှာ၊ ဒီခြံမြေဝန်းထဲ
သခင်အောင်ဆန်းနှစ် ၁၀၀ပြည့်ပွဲကို
သူ့ရဲ့အမျိုးကောင်းသမီးကဦးဆောင်လို့
အကြောက်တရားကင်းကင်း၊ ကျင်းပကြတဲ့အခါ
တပ်မတော်သားတွေက သူတို့ချစ်တဲ့
ဖခင်ဗိုလ်ချုပ်ပုံကို ကိုင်မြှောက်ဟစ်ကြွေးလို့
အမုန်းကင်းစင်တဲ့ခြံအမှတ် ၅၄မှာ
လွတ်လပ်မှုတွေကြက်ပျံမကျ
လူအခွင့်အရေးကပဒေသာပင်လို
ဒါစိတ်ကူးယဉ်သက်သက်မဟုတ်
သန္နိဋ္ဌာန်အလုပ်ဖြစ်ရစေ။ ။

**ဖုန်းဆိုး**
၂၀၀၇၊ မေ ၃၀

ဒေါ်အောင်ဆန်းစုကြည်၏ ၆၂ နှစ်ပြည့်မွေးနေ့သို့
ဤကဗျာဖြင့် ဂုဏ်ပြုပါသည်။



## ထာဝစဉ်

မမြင်ရလည်း
သင်က ရဲဘော်ပင်။

မကြားရလည်း
အနားက ရဲဘော်ဟာ သင်။

မတွေ့ရလည်း
မနေ့က အတိုင်းပင်။

နေ့ရက်ကြာလည်း
သစ္စာမပျက်၊ အောက်မေ့လျက်နှင့်
တသက်သက်ပ ၊ လွမ်းဆွတ် တ ကာ
ဘဝကို မြှုပ်၊ အလုပ်လုပ်သည်
ဝိမုတ္တိလမ်း
ထာဝစဉ်။ ။

## တင်မိုး

## အမေသို့ အပူဇော် ..

အဲဒီမျက်လုံးတွေထဲ
အခါခါပြုံလဲ
ဘယ်လောက်တောင် ပေးဆပ်ပြီးပြီလဲ..။

အမေ..
ကျနော်တို့အားလုံးရဲ့ အမေ
မဟာကရုဏာရှင် .. .. (ခင်ဝမ်း)
ပြီးတော့
ကျမတို့အားလုံးရဲ့အမေ
ပြည်သူတွေအတွက်တဲ့
နည်းနည်းလေးမှ မတွေဝေ။

အမေ့ထံပါးမှာ
ကျမက သဲတစ်မှုန်မျှသာ။
အမေ့ရဲ့ ကြီးမြတ်တဲ့ မေတ္တာတော်
ကျမတို့ဘဝတွေအပေါ်လွှမ်းခြုံ
ကုန်ပဲ မကုန်ဆုံးနိုင်။

အမေဟာ
ကဗျာတွေ စာတွေရေးသူ
တေးဂီတချစ်သူ
အနုပညာခံစားသူ
မိသားစုဘဝချစ်သူ
ပြီးတော့
အမှန်တရားအတွက်
အဲဒီအချစ်တွေကို
အစတေးခံနိုင်သူ..။

အမေဟာ..
သူ့ဘဝမှာ
သူ့လူထုရဲ့ ဘဝတွေလောက်မှ
သူ့ဘဝကအရေးမကြီးခဲ့သူ။

အမေ့ကို
ဘယ်လိုမှ စံတုမရ
အတိဇာတသွေးနဲ့
သမိုင်းလှလှရေးသူ..
ဒါပေမဲ့
သူ့ဘဝခများမှာတော့
နာလှပါပေရဲ့။

အမေ..
အမေ့ရဲ့
ကြီးမြတ်မှု
ပေးဆပ်မှုနဲ့
သတ္တိရှိမှုတွေကို
ပူဇော်ဦးညွှတ်ပါတယ်အမေ..။ ။

**မေငြိမ်း**

(မွေးသမိခင် ကျေးဇူးရှင်နှင့် ထပ်တူထပ်မျှ
ကြည်ညိုချစ်မြတ်ရတဲ့ အမေ ဒေါ်အောင်ဆန်းစုကြည် .. သို့)

သွေးဆာနေတဲ့ဘီလူးတွေက
စံမမီတဲ့ သူတို့ ဘဝလှေနံမှာ
အာဏာကို အောင်မြင်မှု အဖြစ် တရားသေ ဓားထစ်နေချိန်မှာ
အမေကတော့ ကရုဏာ နှလုံးသားနဲ့
ပြည်သူ့ ငိုသံကို နားစွင့်တယ်။

အမေဟာ တက္ကသိုလ်ရိပ်သာလမ်းထဲမှာ လှောင်ထားခံရတဲ့ ငှက်ကလေး တစ်ကောင်၊
ပျံခွင့်မရတဲ့ ငှက်အားလုံးတို့ ရဲ့ ခေါင်းဆောင်ပေါ့။
အမေက ပျံခွင့်မရပေမယ့် အမေ့နာမည်ကတော့ ဟိုး ..
ကောင်းကင်ဖျားမှာပျံနေတယ်။
အမေ့ နာမည်တစ်လုံးကို ပြည်သူတွေအတွက် အမေသုံးချင်နေမှာပဲနော်။

ပြည်သူ့ မေတ္တာတွေသာ ပန်းပွင့်လေးတွေဖြစ်မယ်ဆိုရင်
ပြည်သူတိုင်းက ပန်းပွင့်တစ်ပွင့်စီပေးလို့
အမေ့ ဘဝဉယျာဉ်မှာ ပန်းပွင့်လေးတွေနဲ့ ပြည့်နေလောက်ပြီ။
အဲဒီ ပန်းရနံ့ တွေပေါ့။
သူတို့ မလိုတမာစိတ်နဲ့ ဘယ်လိုဖုံးဖုံး
ကမ္ဘာတစ်ခုလုံး မွှေးနေတာ။

မိစ္ဆာတွေကတော့
သေနတ်ကို မလွှတ်တမ်းကိုင်ပြီး
မီးလောင်နေတဲ့ ကုလားထိုင်တွေပေါ် အတင်းတက်ထိုင်နေကြတယ် အမေ။
အဲဒီ မိစ္ဆာတွေပေါ့၊
သူရဲဘော ကြောင်လိုက်ကြတာ။
အမေ့ကို ရင်မဆိုင်ရဲလို့၊
အမေ့ကို မယှဉ်ပြိုင်ရဲလို့
အမေ့ကိုသီးခြား ခွဲထုတ်
အမေ့စာမျက်နှာတွေကို သမိုင်းထဲက အတင်းဆွဲစုတ်လည်း
အမေ့ ပုံရိပ်တွေက သားတို့ အသည်းထဲမှာ
စုတ်နဲ့ ထိုးထားသလို စွဲပြီးသား။